မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်၊ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၄၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး ဒသမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ

ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူ ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်)

ရေမြေသဘာဝနှင့် ကိုက်ညီသည့် ဈေးကွက်ဝင်ရော်ဘာများတိုးချဲ့စိုက်ပျိုး

မြန်မာနိုင်ငံ၏ ရေမြေ၊ ရာသီဥတုသည် သီးနှံစိုက်ပျိုးဖြစ်ထွန်းသည့် နိုင်ငံဖြစ်သည်။ စိုက်ပျိုးလုပ်ကိုင်သူများသည် နှမ်းစပါး၊ မိုးစပါးနှင့်ဈေးကွက်ဝင်သီးနှံများကို ပိုမိုစိုက်ပျိုးလျက်ရှိရာ နိုင်ငံ၏စားနပ်ရိက္ခာဖူလုံမှုရှိသည့်အပြင် ပြည်ပသို့ပင် တိုးမြှင့်ရောင်းချနိုင်လျက်ရှိသည်။

ရော်ဘာသည် လူ့အသုံးဆောင်ပစ္စည်းများထုတ်လုပ်ရာတွင် များစွာအသုံးဝင်သည့် စက်မှုကုန်ကြမ်းဖြစ်သည်။ စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ရော်ဘာကို မြန်မာနိုင်ငံအောက်ပိုင်းဒေသများ ဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့တွင်သာမက ယခုအခါတောင်ပေါ်ဒေသများဖြစ်သည့် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်တို့တွင်ပါ တိုးချဲ့စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည်။

တနင်္သာရီတိုင်းဒေသကြီး၌ မြိတ်ခရိုင်၊ ထားဝယ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့တွင် ရော်ဘာကို တိုးချဲ့စိုက်ပျိုးလျက်ရှိပြီး မြိတ်ခရိုင်တွင် အများဆုံး စိုက်ပျိုးလျက်ရှိသည်။ မွန်ပြည်နယ်သည်လည်း ရော်ဘာပြည်နယ်ဖြစ်ရေး ရည်မှန်းပြီး ရည်မှန်းချက်ပြည့်မီကျော်လွန်ရန် စိုက်ပျိုးလျက်ရှိသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင်တွင် ရော်ဘာကို စီးပွားဖြစ်စိုက်ပျိုးလျက်ရှိရာ မြေလွတ်မြေရိုင်းများ၊ တောင်ကတုံးများ၌လည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏သုတေသနပြုမှုနှင့် စိုက်ပျိုးလျက်ရှိသည်။

ကမ္ဘာ့စက်မှုထွန်းကားသော နိုင်ငံများသည် မော်တော်ယာဉ်များ နှစ်စဉ်သန်းနှင့်ချီထုတ်လုပ်လျက်ရှိရာ ကမ္ဘာ့ဈေးကွက်ဝင် ရော်ဘာလိုအပ်ချက်သည် တစ်နေ့တခြား ပိုမိုမြင့်တက်လျက်ရှိသည်။

ရော်ဘာစေးသည် မော်တော်ကားတာယာများ၊ ပန်ကာကြိုးနှင့်အခြားစက်မှုလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသည့် စက်မှုကုန်ကြမ်းတစ်မျိုးဖြစ်သည်။ နိုင်ငံတကာစက်မှု ထုတ်ကုန်များ တိုးမြင့်လာသည်နှင့်အမျှ ရော်ဘာလိုအပ်ချက်သည်လည်း မြင့်မားလာခဲ့ရသည်။

စက်မှုကုန်ကြမ်းသီးနှံတစ်မျိုးဖြစ်သည့် ရော်ဘာကို စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးလုပ်ကိုင်ပါက တစ်ဦးချင်းဝင်ငွေများတိုးတက်လာပြီး ပြည်ပဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ပါက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှုကို များစွာအထောက်အကူပြုမည်ဖြစ်ရာ ရာသီဥတုမြေအနေအထားနှင့် ကိုက်ညီသည့်ဒေသများ၌ ရော်ဘာကို စိုက်ပျိုးပါက ပိုမိုဖြစ်ထွန်းအောင်မြင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ခန့်စာကြည့်တိုက်အဆောက်အအုံသစ် စစ်တွေမြို့နယ်၌ဖွင့်

စစ်တွေ ဖေဖော်ဝါရီ ၂၁

စစ်တွေမြို့ မင်းဂံရပ်ကွက်၌ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ခန့်စည်သူက မတည်ငွေကျပ် ၁၀ သိန်းဖြင့် ဆောက်လုပ်ခဲ့သည့်ခန့် စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၀နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ စစ်တွေခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမိုးဇော်စိုး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးမြင့်ဆွေ၊ ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြိုင်၊ ခရိုင်ဦးစီးအရာရှိ ဒေါ်မြသန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးသိန်းတန်အောင်နှင့် ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးမြင့်ဆွေနှင့် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမိုးဇော်စိုးတို့ကအမှာစကားပြောကြားပြီး ရပ်ကွက်ပြည်သူများကိုယ်စား ဦးအေးစိန်မောင်က ကျေးဇူးတင်စကားပြောကြားသည်။ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စစ်တွေခရိုင်က လှူဒါန်းသည့်၂၁လက်မ တီဗွီတစ်လုံးကို ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူးက ပေးအပ်လှူဒါန်းရာ ရပ်ကွက်ဥက္ကဋ္ဌက လက်ခံယူသည်။

ဖွင့်လှစ်ပေး

ထို့နောက် စာကြည့်တိုက်အဆောက်အအုံသစ်ကို ခရိုင်ဥက္ကဋ္ဌ ဦးမိုးဇော်စိုး၊ ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးမြင့်ဆွေနှင့်ရပ်ကွက်ဥက္ကဋ္ဌဦးမောင်တင်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြကြောင်း သိရှိရသည်။**(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

ကတ္တရာလမ်းသစ်ဖွင့်ပွဲ ပဲခူးမြို့၌ကျင်းပ

ပဲခူး ဖေဖော်ဝါရီ ၂၁

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက်သည့် ပဲခူးမြို့ ဉသျှောင်မြို့သစ် ရပ်ကွက်ကြီး (၄)အတွင်းရှိ အထက(၅)ကျောင်းလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ၁၀ရက် နံနက်၈နာရီက လမ်းထိပ်မုခ်ဦး၌ကျင်းပရာ အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်သန်းက မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ပဲခူးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေဇင်ထွန်းနှင့် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါလမ်းသစ်မှာ အရှည် ပေ ၈၅၀၊ အကျယ် ၁၂ပေ ဖြစ်ပြီး ယခင်ဂဝံလမ်းမှကတ္တရာလမ်းသစ်အဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ပေးခြင်း ဖြစ်သည်။အဆိုပါလမ်းသစ် ဖောက်လုပ်ပေးခြင်းကြောင့် ဉသျှောင်မြို့သစ်အတွင်းရှိ ရပ်ကွက်ကြီးလေးခုမှပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာအသုံးပြုနိုင်ကြပြီဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ဦးမောင်မောင်ထွေး (ကိုထွေး-သစ်ရောင်းဝယ်ရေး)သည် ကစားဖော်များ ဖြစ်ကြသော ဦးဇော်လင်းလတ် (MD နီလာဝင်းကုမ္ပဏီလီမိတက်)၊ ဦးဆန်းမွန်း (သစ်မိသားစု ထရိတ်ဒင်းကုမ္ပဏီ)၊ ဦးကျော်မိုးလွင်၊ ဗိုလ်မှူးသန့်စင်ထွန်း(ငြိမ်း)တို့နှင့်အတူ ဖေဖော်ဝါရီ ၈ ရက်က မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် Titleist Pro VI NO (2) ဘောလုံးကို Bazooka Iron No(7) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၇၃ကိုက်အကွာအဝေးတွင်ရှိသော ကျင်းအမှတ် (၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြေကြီး၊ မြေပုံမှန်ကန်ရေး တိုက်ကြီး၌ ကွင်းဆင်းစစ်ဆေး

တိုက်ကြီး ဖေဖော်ဝါရီ ၂၁

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနက မြေကြီး၊ မြေပုံနှင့် မြေစာရင်း မှန်ကန်ရေးအတွက် မြေတိုင်းတာခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၀-၂၀၁၁ခုနှစ် မြေတိုင်းစီမံချက်အရ တိုက်ကြီးမြို့နယ်တွင် ကွင်းပေါင်း ၁၀ ကွင်းကို တိုင်းတာသွားမည် ဖြစ်သည်။

အဆိုပါ တိုင်းတာပြီးစီးသွားခဲ့သော ကွင်း ၁၀ ကွင်းအနက်မှ ဥတိုကျေးရွာ ကွင်းအမှတ် (၇၆၆) (ဖလုန်အင်းကွင်း)၌ စစ်ကြိုးဆွဲ တိုင်းတာခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းက မြို့နယ်မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့်ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

အမက (၉) သဃ်္ဃန်းကျွန်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် မိဘဆရာအသင်းအစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၂ရက်ကကျင်းပရာ ပထမတန်းတွင် ပထမဆုရရှိသူ မချောစုဟန်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဌေး ဆုချီးမြှင့်စဉ်။ (ပညာရေး)

အနော်ရထာ ကတ္တရာလမ်းသစ် နမ့်ခမ်းမြို့၌ဖွင့်

နမ့်ခမ်း ဖေဖော်ဝါရီ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော နောင်စန့်ရပ်ကွက် အနော်ရထာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ရက်က အဆိုပါလမ်းဖွင့်ပွဲ မုခ်ဦးရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကောင်းညွှန့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောမြင့်ထွန်းနှင့် ရပ်မိရပ်ဖ ဦးစိုင်းဆမ်ခမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အကျိုးပြု

လမ်းမှာ အရှည်ပေ ၅၅၀ရှိပြီး လမ်းသစ်ဖွင့်ပွဲသို့ ဌာနဆိုင်ရာမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြပြီး အဆိုပါလမ်းမှာ နောင်စန့်ရပ်ကွက်အတွင်း ရပ်ကွက်နေပြည်သူများအား သွားလာရေးလွယ်ကူ ချောမွေ့စေရန် အကျိုးပြုလျက်ရှိကြောင်းသိရှိရသည်။ *(မြို့နယ်စည်ပင်)*

❖ *ရှေ့ဖုံးမှ*

စတင်ကျင်းပ

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ရောက်ရှိ နေရာယူသည်။ ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်(၆၅၈) ဦး ရှိသည့်အနက် (၆၅၄)ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၃၉ ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ဒသမနေ့ အထမြောက် ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားသော ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ဒေါက်တာထွန်းရှင်အား ခန့်အပ်တာဝန်ပေးသင့်ကြောင်း တင်ပြချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၇၊ ပုဒ်မခွဲ (က)တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက ကန့်ကွက်နိုင်ကြောင်း ကြေညာခဲ့သော်လည်း ကန့်ကွက်ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

တင်ပြ

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြသော ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်နိုင်ရေးအတွက် တင်ပြချက်ကို ပြည်ထောင်စုလွှတ်တော် နာယက က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခံထားရသူက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၄၂၊ ပုဒ်မခွဲ (က)နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၆တို့နှင့်အညီ ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ဦးလွန်းမောင်အား ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

စာရင်းစစ်ချုပ်

နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ပြည်ထောင်စု စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏ အရည်အချင်းနှင့် စပ်လျဉ်း၍ စိစစ်နိုင်ရန် ၎င်း၏ ကိုယ်ရေး အချက်အလက်ကို သက်ဆိုင်ရာ ပါတီအလိုက်ဆက်သွယ်ရန် တာဝန်ပေးထားသည့် ကိုယ်စားလှယ်က လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ လာရောက်တောင်းခံနိုင်ကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့်ပုဂ္ဂိုလ်သည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၇၊ နည်းဥပဒေခွဲ(ခ)အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၄၂၊ ပုဒ်မခွဲ (က)တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက ယနေ့ညနေပိုင်း၌ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့နိုင်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယက က ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ဒသမနေ့ အစည်းအဝေးကို ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ရက်မြောက်နေ့ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၂ ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြသော ပြည်ထောင်စု စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်နိုင်ရေးအတွက် တင်ပြချက်ကို ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ဒသမနေ့တွင် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်း အခမ်းအနားမှူးအဖြစ် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

တက္ကသိုလ်ဝင်စာမေးပွဲ ဆေးရုံစာဖြေဌာန သုံးခုဖွင့်လှစ်ရန် စီစဉ်ထား

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်အဖွဲ့တို့၏ ကြိုတင် ညှိနှိုင်းထားချက်အရ ၂၀၁၁ ခုနှစ် မတ် ၇ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သော တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှုခံယူနေကြရသော ကျောင်းသား ကျောင်းသူများ နစ်နာမှုမရှိစေရန် ရည်ရွယ်လျက် ဆေးရုံစာဖြေဌာနသုံးခုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီးနှင့် ဝေဘာဂီအထူးကုဆေးရုံကြီးတို့၌ ဖွင့်လှစ်ပေးရန် စီစဉ်ထားသည်။

စာမေးပွဲ ဝင်ရောက်ဖြေဆိုလိုကြသည့် ကျောင်းသား ကျောင်းသူ (အတွင်းလူနာ)များသည် အဆိုပါဆေးရုံကြီးများ၌ အထူးတာဝန်ချထားသော ဆေးလူမှုဆက်ဆံရေးအရာရှိများနှင့် ဆက်သွယ်ဆောင်ရွက် အကူအညီတောင်းခံနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၏ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၇ ရက်က ကျင်းပခဲ့ရာ တိုင်းဒေသကြီးအဆင့် သုံးနှစ်ဆက်တိုက် ကျွမ်းဘားတံခွန်စိုက်ဒိုင်းဆု၊ မူလတန်းကျောင်းများ၏ မြို့နယ်အဆင့် စာပေသင်ကြားရေးအကောင်းဆုံးကျောင်း ပထမဆု၊ ဘက်စုံဖွံ့ဖြိုးရေးလှုပ်ရှားမှု အကောင်းဆုံးကျောင်း ပထမဆုနှင့် ကျောင်းကျန်းမာရေးစံပြဆုများရရှိသော အမက (၁၇)အား မြို့နယ်ပညာရေးမှူး ဒေါ်တင်ငွေက ဆုချီးမြှင့်ခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီစိုး ဆုလက်ခံစဉ်။ (ပညာရေး)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၂-၂-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	အင်္ဂဇေယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇:၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈:၀၀	၆။	**သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈:၁၀	၇။	နှောင်းခေတ်တေးပဒေသာ
၈:၂၀	၈။	အတီးပြိုင်ပွဲ
၈:၂၅	၉။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၃၀	၁၀။	တေးဂီတအစီအစဉ်
၈:၄၀	၁၁။	International News
၈:၄၅	၁၂။	Local Talent
၉:၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	ကြေးမုံရိပ်သွင်တေးနယ်ဉ်
၄:၂၀	၃။	အကပြိုင်ပွဲ
၄:၃၀	၄။	**အမျိုးနှင့်မျိုး**
၄:၄၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ (ဒုတိယနှစ်) (ရူပဗေဒအထူးပြု)(ရူပဗေဒ)
၅:၀၀	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၀	၇။	တေးဂီတအစီအစဉ်
၅:၂၀	၈။	**ငွေသောင်းယံကမ်းအလှပန်းချီ ချောင်းသာဆီ**
၅:၃၀	၉။	**ကြယ်စင်ဥယျာဉ်**
၆:၀၀	၁၀။	ညနေခင်းသတင်း
၆:၁၅	၁၁။	မိုးလေဝသအခြေအနေ
၆:၂၀	၁၂။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၃၅	၁၃။	**ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ**
၇:၀၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (ဒုတိယတွဲ) (အပိုင်း-၁၁)
၈:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	**ရယ်စရာဟာသများ**
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **ပျော်ရွှင်စရာအိပ်မက်ကမ္ဘာ** (အပိုင်း-၅)

အထူးအယူခံခုံရုံး နေပြည်တော်၌ ရုံးထိုင်ကြားနာ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

တရားရုံးချုပ်(မန္တလေး)မှ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ် (မန္တလေး)မှ တရားရုံးချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးစန်းတင့်ရီနှင့် ဦးသက်ထွန်းတို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၁၀ နာရီတွင် တရားရုံးချုပ် (နေပြည်တော်)၌ ရုံးထိုင်၍ တရားမ အထူးအယူခံမှု (၅)မှုကို စီရင်ချက်ချမှတ်ခဲ့သည်။

ထို့အပြင်၂၀၁၀ ပြည့်နှစ် တရားစီရင်ရေးပုဒ်မ (၇)အရ တင်သွင်းသည့် ပြစ်မှုဆိုင်ရာ အထူးအယူခံမှု(၄)မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ပိုင်းဒေသများ၌ နေရာကွက်ကျား မိုးရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဖေဖော်ဝါရီ ၂၂ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

22-2 (03).pmd 1 2/22/2011, 2:40 AM

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ဆာမာရာမြို့၌ အသေခံကားဗုံးခွဲတိုက်ခိုက် အနည်းဆုံး ၁၀ဦးသေဆုံး၊ ၁၅ဦး ဒဏ်ရာရ

ဆာမာရာ ဖေဖော်ဝါရီ ၂၁

အီရတ်နိုင်ငံမြောက်ပိုင်း ဆာမာရာမြို့ရှိ ရဲတပ်ဖွဲ့အဆောက်အအုံတစ်ခုကို ပစ်မှတ်ထားလျက် ဖေဖော်ဝါရီ ၂၁ ရက်က အသေခံကားဗုံးခွဲတိုက်ခိုက်ခဲ့ရာ အနည်းဆုံး ၁၀ ဦးသေဆုံးပြီး ၁၅ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့် ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။ **(ဝဲပုံ)**

တိုးလာနိုင်

လူနာတင်ယာဉ်များဖြင့် ဒဏ်ရာရသူများကို ဆေးရုံသို့ သယ်ပို့ပေးခဲ့ကြောင်း၊ သေဆုံးသူဦးရေမှာလည်း တိုးလာနိုင်ကြောင်း ရဲအရာရှိတစ်ဦးက ပြောသည်။

ဆာမာရာမြို့သည် ဘဂ္ဂဒက်မြို့မြောက်ဘက် မိုင် ၆၀ အကွာ၌ တည်ရှိသည်။ လွန်ခဲ့သောကိုးရက်က ၄င်းမြို့၌ ရှီးယိုက်တို့အား ပစ်မှတ်ထားလျက် အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာ ၄၈ ဦး သေဆုံးပြီး ၈၀ ဒဏ်ရာရရှိခဲ့သည်။ ယင်းတိုက်ခိုက်မှုဖြစ်ပွားသည့် နေရာသည် ရှီးယိုက်တို့၏ သေဆုံးသူများ အမှတ်တရ အခမ်းအနားပြုလုပ်ရန် စုရုံးလာရောက်လေ့ရှိရာအရပ်ဖြစ်သည်။ ၄င်းတိုက်ခိုက်မှုသည် ဆာမာရာသို့ ရှီးယိုက်ဘာသာဝင်များ လာရောက်စဉ် ကာကွယ်ပေးရန် ဆောက်လုပ်ထားသည့် ရဲတပ်ဖွဲ့အဆောက်အအုံကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ ရိုက်တာ

ဇမ်ဘီယာနိုင်ငံ၌ ကားနှစ်စီးခေါင်းချင်းဆိုင်တိုက်မိ

ဇမ်ဘီယာ ဖေဖော်ဝါရီ ၂၁

ဇမ်ဘီယာနိုင်ငံတောင်ပိုင်းတွင် မော်တော်ယာဉ်နှစ်စီး ခေါင်းချင်းဆိုင်တိုက်မိပြီးနောက် အနည်းဆုံး ၁၄ ဦးသေဆုံးပြီး ၁၂ ဦးဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူများကပြောကြားသည်။

ဆီယာဗွန်ဂါမြို့မှ လူဆာကာမြို့သို့ မောင်းနှင်လာသည့် မီနီဘတ်စ်ကားတစ်စီးသည် ဖေဖော်ဝါရီ ၁၈ရက် မွန်းလွဲပိုင်းက မျက်နှာချင်းဆိုင်မှလာသော လော်ရီကားနှင့် ဝင်တိုက်မိကြောင်း ဆင်ဟွာသတင်းတွင် ဖေဖော်ဝါရီ ၁၉ ရက်က ဖော်ပြသည်။

ယင်းသို့မော်တော်ယာဉ်နှစ်စီး ခေါင်းချင်းဆိုင် တိုက်မိရာတွင် ယာဉ်မောင်းနှစ်ဦး အပါအဝင် ၁၄ဦး ပွဲချင်းပြီး သေဆုံးသွားကြောင်း၊ သေဆုံးသူ အများစုမှာ မီနီဘတ်စ်ကားပေါ်မှ လိုက်ပါလာသူများဖြစ်ကြောင်း၊ ဒဏ်ရာရသူ ၁၂ ဦးရှိကြောင်း လူဆာကာရဲတပ်ဖွဲ့မှူး ဇူးလူးကပြောကြားသည်။ **(အင်တာနက်)**

ကနေဒါ၌ ဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲမီးလောင် အနီးရှိ နေအိမ်များ မီးဘေးသင့်

အော့တဝါ ဖေဖော်ဝါရီ ၂၁

ကနေဒါနိုင်ငံ အွန်တာရီယိုမှ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဖေဖော်ဝါရီ ၁၉ ရက် နှောင်းပိုင်းက ပေါက်ကွဲမီးလောင်မှုကြောင့် ကနေဒါနိုင်ငံဖြတ် အဝေးပြေးလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခုကို ပိတ်ထားလိုက်ရကြောင်း ကနေဒါမီဒီယာများက ဖေဖော်ဝါရီ ၂၁ရက်၌ ဖော်ပြသည်။

ပေါက်ကွဲ

ကနေဒါနိုင်ငံမြောက်ပိုင်း အွန်တာရီယိုဒေသ သန်ဒါဘေး၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၁၇၀ ခန့်အကွာရှိ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် ဖေဖော်ဝါရီ ၁၉ရက် ညသန်းခေါင် ညသန်းခေါင် နာရီခန့်က ပေါက်ကွဲ မီးလောင်ရာတွင် ထိခိုက်မှုတစ်စုံတစ်ရာမရှိဟု စီတီဗွီသတင်းဌာနက ကြေညာသည်။

ရပ်ဆိုင်းထားရ

အွန်တာရီယိုပြည်နယ်ရဲတပ်ဖွဲ့နှင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ဝင်များက မီးငြိမ်းသတ်စဉ် ဘီးယတ်မိုမြို့မှပြည်သူများ အသွားအလာ နာရီဝက်ခန့် ရပ်ဆိုင်းထားရသည်ဟုဆိုသည်။ **(ယာပုံ)**

ထိန်းချုပ်နိုင်

မီးလောင်မှုကို ထိန်းချုပ်နိုင်ပြီဖြစ်သော်လည်း ခက်ခက်ခဲခဲငြိမ်းသတ်ခဲ့ရကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။ ဓာတ်ငွေ့ပိုက်လိုင်း မီးလောင်မှုကြောင့် အနီးရှိနေအိမ် အများအပြားလည်း မီးဘေးသင့်ခံရကြောင်း ရဲအရာရှိ ရှပတ်တီဂရူးက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

➤ မိုးမြင့်လင်းလက် - ရေးသားသည် ➤



ဖိလစ်ပိုင်အလယ်ပိုင်းရှိမီးတောင် ပေါက်ကွဲ

မနီလာ ဖေဖော်ဝါရီ ၂၁

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းရှိ ဘူလူဆန်မီးတောင်သည် ဖေဖော်ဝါရီ ၂၁ရက် နံနက်က ပေါက်ကွဲခဲ့ကြောင်း ဖိလစ်ပိုင်မီးတောင်နှင့် မြေငလျင်တိုင်းတာရေးဌာနက ကြေညာသည်။

ဘူလူဆန်မီးတောင်မှာ ဖေဖော်ဝါရီ ၂၁ရက် နံနက် ၉နာရီ ၁၅မိနစ်က ပေါက်ကွဲခြင်းဖြစ်ပြီး မီးတောင်ချော်ရည်များသည် အမြင့် နှစ်ကီလိုမီတာအထိ လေထုထဲတွင် ပျံ့လွင့်နေကြောင်း ဖော်ပြပါ မြေငလျင်တိုင်းတာရေးဌာနညွှန်ကြားရေးမှူး ဆိုလီဒက်က ပြောကြားသည်။ **(ဝဲပုံ)**

ရွှေ့ပြောင်းပေး

မီးတောင်မှ မှုတ်ထုတ်သည့် ပြာများသည် တောင်ခြေရှိ ကာဆီဂူရန်မြို့နှင့် လူးဘန်းမြို့များပေါ်သို့ ကျရောက်ခဲ့ကြောင်း၊ အဆိုပါမြို့နှစ်မြို့မှ မြို့နေပြည်သူ ၁၀၀၀ ခန့်ကိုလည်း ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဖိလစ်ပိုင်နိုင်ငံဒေသခံတပ်ဖွဲ့မှ ဒုတိယဗိုလ်မှူးကြီး ဆန်တီယာဂိုအင်ဂီဂျိုက ပြောကြားသည်။ **(အင်တာနက်)**

အာဖဂန်၌ ဗုံးခွဲတိုက်ခိုက်၊ ၃၁ ဦး သေဆုံး

ကဘူးလ် ဖေဖော်ဝါရီ ၂၁

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း အစိုးရအဆောက်အအုံတစ်ခုကို ဖေဖော်ဝါရီ ၂၁ ရက်က အသေခံဗုံးခွဲတိုက်ခိုက်ခဲ့သဖြင့် ၃၁ ဦး သေဆုံးပြီး အခြား ၄၀ ဒဏ်ရာရခဲ့ကြောင်း ခရိုင်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဗုံးခွဲတိုက်ခိုက်ခဲ့

အသေခံဗုံးခွဲတိုက်ခိုက်ရေးသမားသည် ကွန်ဒုဇ်ပြည်နယ် အီမန်ဆာဟက်ခရိုင်၌ မှတ်ပုံတင်ကတ်ပြားပြုလုပ်ရန် တန်းစီနေသော ပြည်သူများကို ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အစိုးရတာဝန်ရှိသူ မိုဟာမက်အရွတ်ဟာယာက ပြောသည်။ **(ယာပုံ)**

အာဖဂန်နစ္စတန်နိုင်ငံ၌ တာလီဘန်ဦးဆောင်သော အကြမ်းဖက်မှုများ နိုင်ငံတောင်ပိုင်းနှင့် အရှေ့ပိုင်းဒေသများသို့ ပျံ့နှံ့လာခဲ့ရာ ကွန်ဒုဇ်ပြည်နယ်သည်လည်း အကြမ်းဖက်မှုများ ဖြစ်ပွားရာ ဒေသတစ်ခုဖြစ်လာခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

သဲမုန်တိုင်းများ ကျရောက်မှုကြောင့် အစ္စရေးလေဆိပ်ရှိ ခရီးစဉ်များ နှောင့်နှေးကြန့်ကြာခဲ့ရ

ဂျေရုဆလင် ဖေဖော်ဝါရီ ၂၁

အစ္စရေးနိုင်ငံဒေသအများအပြားတွင် ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် တန်နှင့်ချီရှိသည့် သဲများ၊ ဖုန်များ လွင့်ပျံလာသဖြင့် လေဆိပ်များမှ ခရီးစဉ်များ ကစဉ့်ကလျားဖြစ်ကုန်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။

ရပ်နားထား

လေပြင်းများတိုက်ပြီး ဖုန်ထကာ အဝေးသို့ပင် မမြင်နိုင်အောင်ဖြစ်ရသဖြင့် လေယာဉ်ခရီးစဉ်များ ရပ်နားထားခဲ့ရခြင်းဖြစ်ကြောင်း ဟိုင်ဖာလေဆိပ် အရာရှိများက ဆင်ဟွာသို့ ပြောကြားသည်။

ပြောကြား

ယင်းနေ့နှောင်းပိုင်းတွင် မိုးလေဝသဌာနက အခြေအနေ ပြန်လည်ကောင်းမွန်မည်ဟု ခန့်မှန်းရသော်လည်း နံနက် ၁၁ နာရီအထိ လေယာဉ်ခရီးစဉ်အားလုံး ပုံမှန်အခြေအနေတွင် မရှိသေးကြောင်း၊ နီဂတ်သဲကန္တာရတွင်လည်း သဲမုန်တိုင်းများ ကျရောက်နေကြောင်း ဟိုင်ဖာလေဆိပ်အရာရှိများက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာရှပတ်လည်မြားပစ်ပြိုင်ပွဲတွင် မြန်မာမြားပစ်အဖွဲ့ ရွှေငါးခု၊ ငွေတစ်ခု၊ ကြေးလေးခု ဆွတ်ခူး နိုင်ငံအလိုက် ပထမနေရာရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

၂၀၁၁ခုနှစ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး ပထမအကြိမ် အာရှပတ်လည်မြားပစ်ပြိုင်ပွဲကို ထိုင်းနိုင်ငံ

Compound အမျိုးသမီးတစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲတွင် ရွှေတစ်ခု၊ ရှုံးထွက်ပြိုင်ပွဲတွင် ငွေတစ်ခုရရှိခဲ့သော အောင်ငိုမ်း။

ဖန်ကောက်မြို့တွင် ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့ရာ မြန်မာမြားပစ်အဖွဲ့က ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်လေးခု ဆွတ်ခူးရရှိပြီး နိုင်ငံအလိုက် ပထမနေရာ ရရှိခဲ့သည်။

စံချိန်သစ်တင်နိုင်

မြန်မာမြားပစ်အဖွဲ့အတွက် ရွှေတံဆိပ်ငါးခုကို အမျိုးသား Compound အသင်းက အသင်းလိုက် အမှတ်ပေးပြိုင်ပွဲမှ တစ်ခု၊ အသင်းလိုက်ရှုံးထွက် ပြိုင်ပွဲမှတစ်ခု၊ အမျိုးသမီး Compound အသင်းက အသင်းလိုက် အမှတ်ပေးပြိုင်ပွဲမှတစ်ခု၊ အသင်းလိုက်ရှုံးထွက်ပြိုင်ပွဲမှ တစ်ခု၊ အမျိုးသမီးCompound တစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲမှ အောင်ငိုမ်းက တစ်ခုတို့ ဆွတ်ခူးရယူပေးခဲ့ခြင်း ဖြစ်သည်။ ငွေတံဆိပ်တစ်ခုကို Compound အမျိုးသမီးတစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲမှ အောင်ငိုမ်းက ရယူပေးခဲ့ပြီး ကြေးတံဆိပ်လေးခုကိုမူ Compound Mix-Team ပြိုင်ပွဲမှ ရဲမင်းဆွေနှင့် အောင်ငိုမ်းအတွဲက တစ်ခု၊ Compound အမျိုးသမီးတစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲမှ ရဲမင်းဆွေက တစ်ခု၊ Recurve အမျိုးသမီးတစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲမှ သင်းသင်းခိုင်က တစ်ခုနှင့် Compound အမျိုးသမီးတစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲမှ ရဲမင်းဆွေက တစ်ခုတို့ ရရှိခဲ့ခြင်းဖြစ်သည်။ Compound Mix-Team ပြိုင်ပွဲတွင် ကြေးဆုရရှိခဲ့သော ရဲမင်းဆွေနှင့် အောင်ငိုမ်းတို့အတွဲ တတိယနေရာလုပွဲတွင် ထိုင်းအသင်းကို အနိုင်ရရှိကာ ပစ်ခတ်ခဲ့သော ရမှတ် ၁၅၇ မှတ်မှာ ၎င်းတို့နှစ်ဦးတင်ထားသော အာရှစံချိန် ၁၅၃ မှတ်ကိုချိုးကာ စံချိန်သစ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ကမ္ဘာ့ထိပ်သီးမြားပစ်နိုင်ငံများဖြစ်သော ကိုရီးယား၊ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ အီရန်တို့အပါအဝင် နိုင်ငံပေါင်း ၂၁ နိုင်ငံ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာမြားပစ်အဖွဲ့က ရွှေငါးခု၊ ငွေတစ်ခု၊ ကြေးလေးခု ရရှိကာ နိုင်ငံအလိုက် ပထမနေရာ ရရှိခဲ့ခြင်းဖြစ်သည်။**(မြန်မာ့အလင်း)**

Compound Mix-Team ပြိုင်ပွဲတွင် အာရှစံချိန်သစ်တင်ခဲ့သော ရဲမင်းဆွေနှင့် အောင်ငိုမ်း။

လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြပွဲ ကလေး၌ကျင်းပ

ကလေး ဖေဖော်ဝါရီ ၂၁

ကလေးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် လက်တွေ့မီးငြိမ်းသတ်မှုစွမ်းရည် သရုပ်ပြပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၈ နာရီ က ကလေးမြို့ ချမ်းမြေ့အောင်စည်ရပ်ကွက်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးကြီး ခင်မောင်ဇော်နှင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်သူများတက်ရောက်ကြပြီး ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးဌေးဝင်းက မီးလောင်မှု အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်မှုကို လက်တွေ့ငြိမ်းသတ် သရုပ်ပြသကြသည်။

လက်တွေ့သရုပ်ပြသ

အလားတူ ကလေးမြို့ မြို့သာရပ်ကွက်တွင်လည်း မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းက ကြီးမှူး၍ "2011 Prospect" အမည်ရှိ Myanmar Executive Forum ကို ရန်ကုန်မြို့ Chatrium ဟိုတယ်၌ ကျင်းပစဉ်။ (သတင်းစဉ်)

CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းက ကြီးမှူး၍ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းက ကြီးမှူး၍ "2011 Prospect" အမည်ရှိ Myanmar Executive Forum ကို ဖေဖော်ဝါရီ ၁၈ ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့ Chatrium ဟိုတယ်၌ ကျင်းပရာ ဒေါက်တာမောင်မောင်လေး (အထွေထွေအတွင်းရေးမှူး၊ UMFCCI)နှင့် ဦးသောင်းတင် (CEO၊KMD) တို့က ဟောပြောခဲ့ကြသည်။ အဆိုပါ Seminar သို့ ကုမ္ပဏီအသီးသီးမှ မန်နေဂျင်းဒါရိုက်တာများနှင့် စီမံခန့်ခွဲမှုတာဝန်ယူထားသူများ တက်ရောက်ခဲ့ကြပြီး City Mart Supermarket၊ MDG Co.,Ltd.၊ IBTC Co., Ltd.နှင့် မင်းကြီးကြိုက်တို့က ပံ့ပိုးကူညီခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

မကွေးမြို့နယ်နှင့် မှော်ဘီမြို့နယ်တို့၌မီးလောင်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

မကွေးမြို့နယ် ညောင်ပင်ရွာကျေးရွာ၌ ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် မီးစတင်လောင်ကျွမ်းခဲ့သဖြင့် နေအိမ် ၁၄ လုံး မီးလောင် ဆုံးရှုံးခဲ့ကာ အိမ်ထောင်စု ၁၄ စု အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း၊ မီးဘေးဒုက္ခသည်များအား ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ နေရာချထားပေးပြီး ထမင်းထုပ်များ စီစဉ်ပေးထားကာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက တဲ ၁၄ လုံး ထောက်ပံ့ပေးထားကြောင်း၊ ကျောင်းသားကျောင်းသူ ၁၄ ဦးအား စာအုပ်များ ထောက်ပံ့၍ စာမေးပွဲဖြေဆိုနိုင်ရေး စီစဉ်ပေးထားကြောင်း သိရသည်။

အလားတူ ဖေဖော်ဝါရီ ၁၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာစက်မှုဇုန်အတွင်းရှိ သံရည်ကျိုစက်ရုံတစ်ရုံ၌ ထရန်စဖော်မာမှ ဝိုင်ယာရှော့ဖြစ်နေကြောင်း တွေ့ရှိရ၍ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးစဉ် ထရန်စဖော်မာမှ မီးပန်းများထွက်ကာ တာဝန်ရှိသူသုံးဦး မီးလောင်ဒဏ်ရာများ ရရှိခဲ့သဖြင့် ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

ပွင့်လင်းရာသီ ရောက်ရှိနေပြီဖြစ်သဖြင့် မီးအလွယ်တကူ ကူးစက်လောင်ကျွမ်းနိုင်ရာ မီးဘေးကြိုတင်ကာကွယ် တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ထားခြင်း၊ မီးငြိမ်းသတ်ရေးပစ္စည်းများ အသင့်ဆောင်ထားခြင်းစသည်ဖြင့် ပြင်ဆင်မှုများဆောင်ရွက်ထားကြရန် မီးသတ်ဦးစီးဌာနမှ သတိပေးနှိုးဆော်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကလောမြို့နယ် ဟဲဟိုး၊ ရှမ်းစုရပ်၊ သပြေလမ်း ကျောက်ချောခင်းနေမှုကို ဖေဖော်ဝါရီ ၁၃ရက်က အမှုဆောင်အရာရှိ ဦးမျိုးမင်းစိုး ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်မြင့်မော် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တီဘီရောဂါကာကွယ်ရေးနှိုးဆော်ချက်

ယနေ့ကမ္ဘာပေါ်တွင် တီဘီရောဂါသည် တစ်နှစ်လျှင် လူဦးရေ ကိုးသန်းခန့် ဖြစ်ပွားနေပြီး ၁ ဒသမ ၇သန်း ခန့် သေဆုံးနေပါသည်။ စက္ကန့် ၂၀ တွင် တစ်ဦးနှုန်းဖြင့် သေဆုံးလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း တီဘီရောဂါသည် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် တည်ရှိနေဆဲဖြစ်ပြီး အမျိုးသားကျန်းမာရေး စီမံကိန်းတွင် အဓိကဦးစားပေးတိုက်ဖျက်ရမည့် ရောဂါအဖြစ် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

တီဘီရောဂါသည် မိသားစု၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများကို ထိခိုက်နိုင်သဖြင့် အောက်ပါအတိုင်း ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ချောင်းနှစ်ပတ်နှင့်အထက်ဆိုးပါက တီဘီရောဂါရှိ၊ မရှိ စစ်ဆေးပါ။

(၂) ရောဂါတွေ့ရှိပါက အစွမ်းထက်သော တီဘီဆေးများဖြင့် ရောဂါပျောက်ကင်းသည်အထိ ကျန်းမာရေးဌာနများမှ **(အခမဲ့)** ကုသပေးလျက်ရှိပါသည်။

(၃) တီဘီရောဂါဖြစ်လျှင် ကြောက်စရာမလိုပါ။ ဆေးကုသမှုကာလပြီးဆုံးသည်အထိ နေ့စဉ်မှန်မှန် စနစ်တကျ ဆေးသောက်ပါက ရောဂါပျောက်ကင်းမည် ဖြစ်ပါသည်။

(၄) တီဘီလူနာများ ကုသမှုကာလပြီးဆုံးသည်အထိ ဆေးကုသမှုခံယူနိုင်ရန်အတွက် ပြည်သူလူထုမှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဦးစီးဌာန၊ကျန်းမာရေးဝန်ကြီးဌာန

မြန်မာ့အလင်း သိပ္ပံသုတသတင်းမှတ်စု

အသားစားအပင်များနှင့် လင်းနို့များ၏ သဘာဝပတ်ဝန်းကျင်

ဇော်ဦးခိုင်-ရှာဖွေတင်ပြသည်

ကမ္ဘာ့တတိယအကြီးဆုံး ကျွန်းတစ်ကျွန်းဖြစ်သည့် ဘော်နီယိုကျွန်းသည် အင်ဒိုနီးရှားနိုင်ငံ မြောက်ပိုင်းတွင် တည်ရှိပြီး အရှေ့တောင်အာရှပင်လယ်ပြင်အတွင်း တည်ရှိသည်။ ဘော်နီယိုကျွန်းပေါ်ရှိ တောတွင်းတွင် အသားစားအပင်များရှိကြပြီး ယင်းအပင်များ၏ သဏ္ဌာန်မှာ ရှည်မျောသည့် အိတ်သဏ္ဌာန်မျိုး ရှိကြသည်။ အိတ်အဝကို ပွင့်အာထားလျက် အင်းဆက်ပိုးမွှားအကောင်ငယ်များကို ထောင်ချောက်ဆင်ထားကာ ဖမ်းဆီးကြသည်။ အိတ်အဝနားသို့ အင်းဆက်များလာရောက်နားသည့်အခါမှ စုကျုံ့ကာ အဝပိတ်သွားပြီး သားကောင်များအား ဖမ်းယူစားကြခြင်းဖြစ်သည်။

တွေ့ရှိ

၎င်းအပင်မျိုးနွယ်ဝင်များအနက် အင်န်-ရပ်ဖ်ဖလီစီယားနား အီလွန်ဂါတာအပင်မျိုးမှာ ရှည်မျောသည့် သဏ္ဌာန်ရှိပြီး အသားစားအပင်များတွင် တစ်မူထူးခြားလျက်ရှိသည်။ အခြားအပင်များထက် ခုနစ်ကြိမ်ခန့် ပိုးကောင်ဖမ်းစားခြင်း နည်းပါးသည်ကိုလည်း လေ့လာတွေ့ရှိထားသည်။

ဒေါက်တာ အူမာဂရေ့ဖ်ခေါင်းဆောင်သည့် အမေရိကန်နိုင်ငံမှ ဇီဝဖြစ်စဉ် လေ့လာရေးသုတေသနအဖွဲ့မှ သုတေသနလေ့လာချက်အသစ်တွင် ဘော်နီယိုတောတွင်းနေ လင်းနို့အကောင်ငယ်တစ်မျိုးသည် အီလွန်ဂါတာ အသားစားအပင်များတွင် အိပ်တန်းတက်ကြကြောင်း တွေ့ရှိခဲ့သည်။ ထို့အပြင် အညစ်အကြေးများကိုလည်း အပင်အတွင်းတွင် စွန့်ပစ်ကြသည်။

ဒေါက်တာအူမာဂရေ့ဖ်တို့ သုတေသနအဖွဲ့က ယင်းသဘာဝကို တွေ့ရှိခဲ့ပြီး သုတေသနပြုခဲ့ရာမှ အသားစားအပင်နှင့် လင်းနို့တို့သည် ဇီဝအကျိုးဆက်အားဖြင့် အပြန်အလှန် အမှီသဟဲပြုနေမှုကို တွေ့ရှိခဲ့သည်။ **(အပေါ်ဝဲပုံ)**

အဆိုပါ အသားစားအပင်များ၏ လိုအပ်သော အာဟာရဓာတ်ကို လင်းနို့ချေးများမှ စုပ်ယူရရှိနေကြောင်း၊ မြေသြဇာအဆီနည်းပါးသည့် မြေကွက်များတွင်ပင် ရှင်သန်နိုင်သည့် ယင်းအပင်များသည် ရှင်သန်ကြီးထွားရေးအတွက်ပိုးမွှားများအား ထောင်ချောက်ဆင် ဖမ်းဆီးခြင်းမှလိုအပ်သော နိုက်ထရိုဂျင်ဓာတ်ကို ရရှိနေကြောင်း သိရှိခဲ့ရသည်။

လေ့လာသိရှိ

လင်းနို့များသည်လည်း ယင်းအပင်များ၏ အိတ်အတွင်း အိပ်တန်းတက်ကြပြီး ဆိတ်ငြိမ်သည့် အရိပ်အာဝါသသဖွယ် ၎င်းတို့အား အပြန်အလှန် အကျိုးပြုလျက်ရှိကြောင်း၊ အညစ်အကြေးများကို စွန့်သည့်နေရာအဖြစ်လည်း အသုံးပြုလျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။ ၎င်းအပြင် လင်းနို့များက သွေးစုပ်ယူမှုကိုလည်း အပင်အတွင်း စုပုံနေသည့် ပိုးမွှားအသေကောင်များမှ ရရှိနေကြောင်း လေ့လာသိရှိခဲ့ရသည်။

ယခုလေ့လာတွေ့ရှိချက်သည် အသားစားအပင်များအတွင်း ပထမဆုံး နို့တိုက်သတ္တဝါများနေထိုင်ခြင်းကို သုတေသနပြု တွေ့ရှိခဲ့ခြင်းပင်ဖြစ်သည်။

ပြောကြား

အဆိုပါဖြစ်စဉ်မှာ အပင်များနှင့် သတ္တဝါများ အချင်းချင်း အမှီသဟဲပြုနေကြသည့် သဘာဝလေ့များစွာအနက်မှ တစ်ခုပင်ဖြစ်ကြောင်း၊ ယင်းသဘာဝသည် သက်ရှိမျိုးစိတ်များ အသက်ရှင်မှုလေ့ကို သုတေသနပြုရာတွင် အထောက်အကူပြုလျက်ရှိကြောင်း ဒေါက်တာဂရေ့ဖ်က ပြောကြားခဲ့သည်။

(အင်တာနက်)

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝ မပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

မီးသတ်ဦးစီးဌာန

ဟုမ္မလင်းမြို့နယ် ရွှေပြည်အေးမြို့သစ် ဘုရားအဝင်လမ်း(ခတ္တာလမ်း) ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက်က ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော်သန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် မြို့နယ်အမှုဆောင်အရာရှိဦးမျိုးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူရေး

မလှိုင်မြို့၌ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

မလှိုင် ဖေဖော်ဝါရီ ၂၁

မလှိုင်မြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက ကြီးမှူး၍ ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း စီမံကိန်းအလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁ ရက်က မြို့နယ်မြေစာရင်း ဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းရွှေ၊ မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဦးလှိုင်ဦး၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ၊ မြို့နယ်စိုက်/ဘဏ်မန်နေဂျာ၊ မြို့နယ်မြေစာရင်းဦးစီးဌာနဦးစီးအရာရှိ ဦးစိုးသူထွန်း၊ ဒုတိယဦးစီးမှူး ဦးစိုးဝင်း၊ လက်ထောက် ဦးစီးမှူးများနှင့် စာရင်းကောက်ယူမည့် မြေစာရင်းဝန်ထမ်းများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသန်းရွှေက အမှာစကား ပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးစိုးသူထွန်းက လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ရက်သတ္တပတ်ကြာ ကျင်းပခဲ့ကြောင်း သိရှိရသည်။(**အောက်ပုံ**)

(ဝ၈၂)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၆)ရပ်ကွက် မန္တလေးလမ်းနေ ဦးဆုမြိုင်-ဒေါ်ယဉ်ယဉ်(လှကမ္ဘာစတိုး)မိသားစုက ဦးဆုမြိုင်၏ မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်းအတွင်းလှူနာ(ကင်ဆာ)ဗဟိုသို့အလှူငွေကျပ် ၁၂၀၀၀၀ လှူဒါန်းရာ အုပ်ချုပ်ရေးမှူးဦးပြုံးက လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

မြန်မာပို့စ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာပို့စ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၈)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာပို့စ်ဂျာနယ်တွင် မြန်မာ့အထည်ချုပ်လုပ်ငန်း ပြန်လည်ရှင်သန်နိုးထလာပြီ၊ နိုင်ငံသားများ၏တာဝန်များ ဘယ်လိုရှိသလဲ၊ ကျောက်ကောင်းရှာ၍ အရောင်တင်ပါ စသည့်မျက်နှာဖုံးဆောင်းပါးများ၊ မြန်မာ့ကျောက်မျက်ပြပွဲသို့ ကျောက်မျက်လုပ်ငန်းရှင်များ ပိုမိုလာရောက်မည်ဟု မျှော်မှန်း၊ ကမ်းလွန်ရွှေသဘာဝဓာတ်ငွေ့ ကုန်းတွင်း ပိုက်လိုင်းသွယ်တန်းရေး ကမ်းခြေလုပ်ငန်း ဆောင်ရွက်မည်၊ တစ်နေ့လျှင် ဓာတ်ငွေ့ ကုဗပေ ၂ ဒသမ ၁ သန်း ထုတ်လုပ်နိုင်သော ဓာတ်ငွေ့သိုက်တစ်ခု တွေ့ရှိ၊ ကန်ထရိုက်တိုက်ဆောက်မည်ဆိုလျှင် သတိထား၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၌ မြန်မာအပါအဝင် အာဆီယံနိုင်ငံများအား ဂျပန်ကူညီမည်၊ မြန်မာနှင့်ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု မြင့်တက်လာမည်ဟု အိန္ဒိယမျှော်မှန်း စသည့် မျက်နှာဖုံးသတင်းများနှင့် လေ့လာမှတ်သားဖွယ် ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့အပြင် မြန်မာ-ဘရူနိုင်း ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်မည်၊ မြန်မာနိုင်ငံတွင် ဓာတ်ငွေ့သိုက်တွေ့ရှိမှု ၁၀ နှစ်အတွင်း နှစ်ဆမြင့်တက်၊ မြေပုံမြို့နယ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ငွေကျပ်သိန်း၁၀၀လှူဒါန်း၊ စစ်ကိုင်း ပြတ်ရွှေ့ကြောရှိ ဒေသသုံးခုတွင် ငလျင်သုတေသနပြုလုပ်မည် စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပြည်တွင်း ပြည်ပခရီးသွားလာမှု စဉ်ဆက်မပြတ် တိုးတက်ရေး ပုဂံ ညောင်ဦးနှင့် ပုပ္ပားနယ်မြေခရီးသွား အတွေ့အကြုံ ဆောင်းပါးများ ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

မိတ္တူကူးစက်နှင့် ဆက်စပ်ပစ္စည်းများလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ကြည့်မြင်တိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် အသုံးပြုရန်အတွက် ငွေကျပ် ၆၇၀၀၀၀ တန်ဖိုးရှိ မိတ္တူကူးစက်နှင့်ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ဗိုလ်သုခရလမ်းရှိ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ငါးဒိုင်အလုပ်အမှုဆောင်အဖွဲ့ကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးထွန်းဝင်း(ခ)ဦးအာဝါး၊ အတွင်းရေးမှူးဦးစိုးသိန်းနှင့် အဖွဲ့ဝင်ဦးမင်းနိုင်တို့က ပေးအပ်လှူဒါန်းရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေး(**အောက်ပုံ**)က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၄၂)

ကမ္ဘာ့အပါးလွှာဆုံး မော်နီတာရောက်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

AOC Monitor သည် နိုင်ငံတကာတွင် အသုံးပြုနေသော နာမည်ကြီး Monitor များကိုသာ ထုတ်လုပ်ပေးနေသည့် ကမ္ဘာ့အကြီးဆုံးစက်ရုံကြီး၏ မူပိုင်တံဆိပ်ဖြစ်သည်။ နည်းပညာအမြင့်မားဆုံးနှင့် အရည်အသွေးကို အကောင်းဆုံး ထိန်းချုပ်ထားသောကြောင့် AOC Monitor သည် ယခုလက်ရှိအချိန်အထိ ကမ္ဘာ့နံပါတ်တစ်နေရာကို ရရှိထားသည်။ ယခုအခါ Star Universe Company က 2010 နှစ်ကုန်ပိုင်းမှ စတင်၍ မြန်မာပြည် တစ်ဦးတည်း ကိုယ်စားလှယ်ယူ၍ တင်သွင်း ဖြန့်ချိခဲ့ခြင်းဖြစ်သည်။

AOC မှ Monitor ၏ မျက်နှာပြင်အထူ 12.9mm ခန့်သာရှိသည့် ကမ္ဘာ့အပါးလွှာဆုံးသော Monitor ကို ထုတ်လုပ်နိုင်ခဲ့သည်။ ထိုကဲ့သို့ အစဉ်အလာကောင်းခဲ့သော AOC မှ ထုတ်လုပ်သည့် e943 Fw LED monitor သည် ဒီဇိုင်းဆန်းသစ်လှပပြီး Performance အား အလွန်ကောင်းသော monitor တစ်လုံးဖြစ်သည်။ သင်တုန်းဓား သာသာအရွယ်ရှိ LED မီးလုံးလေးများဖြင့် ဖွဲ့စည်းထားပြီး monitor ၏ ထုထည်သည် 12.9mm သာရှိသည်။ Screen Size (18.5")၊ Display area; 409.8 (H) × 23.4 (V)mm ကျယ်ပြီး Dynamic Contrast ratio : 50000000:1 ရှိသောကြောင့် ရုပ်ထွက်ကြည်လင်ပြတ်သားမှုကို အပြည့်အဝ ခံစားရမည် ဖြစ်သည်။

e2043 F LCD monitor သည် e943 Fw နှင့် တူညီသော်လည်း Screen Size 20" ရှိပြီး Resolution 1600 × 900@ 60Hz ရသည်။ AOC Monitor များကို Warranty အနေဖြင့် 3year Part & Service သတ်မှတ်ပေးထားသည်။ AOC Monitor များကို ဝယ်ယူလိုပါက ရန်ကုန်မြို့ ဆိပ်ကမ်းသာလမ်းရှိ ကွန်ပျူတာ ပစ္စည်းအရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပြီး ဖုန်း- ၄၃၀၀၁၃ နှင့် ၇၃၀-၅၆၀၁၅ တို့ထံသို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

၂၀၀၉-၂၀၁၀ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို စမ်းချောင်းမြို့နယ် အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်းတွင် ဖေဖော်ဝါရီ ၃ ရက်က ကျင်းပရာ သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ပထမဆုရရှိသော မောင်မင်းထက်အာကာလင်းအား ကျောင်းအုပ်ဆရာမကြီးဒေါ်မြင့်မြင့်ခိုင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြဝတီရုပ်မြင်သံကြား

၂၂-၂-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၁၅ ၅။ ဓမ္မပူဇာတေး
၇:၂၀ ၆။ မျိုးချစ်တပ်မတော်
၇:၂၅ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄ ၃။ နိုင်ငံတော်သီချင်း
၄:၀၅ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ အမျိုးသားရေးတေးကဗျာ
၄:၁၅ ၆။ မျိုးချစ်တပ်မတော်
၄:၂၀ ၇။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
၄:၃၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၅ ၉။ အင်္ဂလိပ်စာသုတ
၄:၅၅ ၁၀။ မြန်မာသံစဉ်ချိုနားဝင်
၅:၀၀ ၁၁။ ကြိုတင်တားဆီး ရန်သူမီး
၅:၁၀ ၁၂။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သက်တော်စောင့်** (အပိုင်း-၁၈)
၆:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၅။ အမျိုးသားရေးတေးကဗျာ
၆:၁၅ ၁၆။ Football Funnies & 100 Great Goals.
၆:၂၅ ၁၇။ အောင်မြင်ခြင်းလမ်းမ
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျှော်လင့်ခြင်းရောင်ခြည်** (အပိုင်း-၁၂)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ဦးတည်ချက် (၁၂)ရပ်
၂၂။ နိုင်ငံတကာသတင်း
၂၃။ မိုးလေဝသသတင်း
၂၄။ ဟာသရုပ်စုံ **စိတ်ကျဝေဒနာ** ချစ်လူလူအဖွဲ့နှင့် ဝက်မအဖွဲ့
၂၅။ မွေးမြူသုတ
၂၆။ သီချင်းလက်ဆောင်
၂၇။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျဉ်းပြိုင်များ** (အပိုင်း-၁၀)
၂၉။ **Mini Series**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၃၃)မူလတန်းလွန်ကျောင်း မူလတန်းအဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ စတုတ္ထတန်းကျောင်းသူ မချောမြတ်နှင်းဆီအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝါဝါအောင်က သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်စဉ်။ (ပညာရေး)

ပထမအကြိမ် ကယားပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

◆ *ကျော်ဖုံးမှ*

တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်များ၏ သဘောတူညီချက်များဖြင့် အသီးသီး အတည်ပြု ကြေညာခဲ့ကြကြောင်း သိရှိရသည်။

ကချင်ပြည်နယ်

ကချင်ပြည်နယ် လွှတ်တော် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူတို့နှင့်ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ကချင်ပြည်နယ်တရားရုံးမှ ပြည်နယ်တရားသူကြီး ဦးတူးဂျာ၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၅၁) ဦးစလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူနှင့်ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ကယားပြည်နယ်တရားရုံးမှ ပြည်နယ်တရားသူကြီး ဦးဇော်ဝင်းနှင့် မန္တလေးတိုင်းဒေသကြီးတရားရုံးမှ တွဲဖက်တိုင်းဒေသကြီး တရားသူကြီး ဒေါ်ပြုံးပြုံးအေးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၅၁) ဦးစလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီခွဲတွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ကယားပြည်နယ်

ကယားပြည်နယ် လွှတ်တော် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူတို့နှင့်ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တရားရုံးချုပ်(မန္တလေး)မှ ညွှန်ကြားရေးမှူး ဦးတင်ဝင်း၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၀)ဦး စလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူနှင့်ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးမှ ညွှန်ကြားရေးမှူး ဦးကျော်လင်းမောင်နှင့် ရန်ကုန်တိုင်းဒေသကြီး တရားရုံးမှ တွဲဖက်တိုင်းဒေသကြီး တရားသူကြီး ဒေါ်သန်းသန်းအေးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၀)ဦးစလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် ကယားပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၂ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ကရင်ပြည်နယ်

ကရင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူတို့နှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ကရင်ပြည်နယ်တရားရုံးမှ ပြည်နယ်တရားသူကြီး ဦးစောစံလင်း၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၃)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူနှင့်ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ရှမ်းပြည်နယ်(အရှေ့ပိုင်း) တရားရုံးမှ ပြည်နယ်တရားသူကြီး ဦးသိန်းကိုကိုနှင့် ရန်ကုန်တိုင်းဒေသကြီး တရားရုံးမှ တွဲဖက်တိုင်းဒေသကြီး တရားသူကြီးဒေါ်ခင်ဆွေထွန်းတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၂၃)ဦးစလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၆ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ်

ချင်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူတို့နှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တရားရုံးချုပ်(ရန်ကုန်)မှ တွဲဖက် ညွှန်ကြားရေးမှူး ဦးဝင်းမြင့်ကျော်၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၄)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူနှင့်ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တရားရုံးချုပ်(မန္တလေး)မှ ညွှန်ကြားရေးမှူး ဦးလှတင်နှင့် မော်လမြိုင်ခရိုင် တရားရုံးမှ ခရိုင်တရားသူကြီး ဦးမြင့်သိန်းထွန်းတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂၄)ဦးစလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူတို့နှင့်ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တရားရုံးချုပ် ညွှန်ကြားရေးမှူးအငြိမ်းစား ဦးစန်းကို၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် (၁၀၁)ဦးစလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူနှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော စစ်ကိုင်းတိုင်းဒေသကြီးတရားရုံးမှ တိုင်းဒေသကြီး တရားသူကြီး ဦးမျိုးမောင်နှင့် မွန်ပြည်နယ်တရားရုံးမှ ပြည်နယ်တရားသူကြီး ဦးဝင်းမြင့်တို့၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၁၀၁)ဦးစလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

တနင်္သာရီတိုင်းဒေသကြီး

တနင်္သာရီတိုင်း ဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူတို့နှင့်ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တရားရုံးချုပ် (မန္တလေး)မှ ညွှန်ကြားရေးမှူး ဦးမြင့်ဝင်း၏ အမည်စာရင်းကို တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၂၈)ဦးစလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူနှင့်ညှိနှိုင်းပြီး အဆိုပြု တင်သွင်း သည့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တနင်္သာရီတိုင်းဒေသကြီး တရားရုံးမှ တိုင်းဒေသကြီး တရားသူကြီး *စာမျက်နှာ ၈ ကော်လံ ၁*

ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)



ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

ဦးတင်အောင်နှင့် ဧရာဝတီတိုင်းဒေသကြီးတရားရုံးမှ တွဲဖက်တိုင်းဒေသကြီး တရားသူကြီးအငြိမ်းစား ဒေါ်ညွန့်ညွန့်ဆွေတို့၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၂၈)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၄၄ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ပဲခူးတိုင်းဒေသကြီး

ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူတို့နှင့်ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပဲခူးတိုင်းဒေသကြီး တရားရုံးမှ တိုင်းဒေသကြီးတရားသူကြီး ဦးမောင်မောင်ရွှေ၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက တင်ပြရာတက်ရောက်လာကြသည့်

ပေးသင့်သော ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) တရားရုံးမှ တိုင်းဒေသကြီးတရားသူကြီး အငြိမ်းစား ဦးကြည်သိန်းနှင့် တရားရုံးချုပ် (မန္တလေး)မှ တွဲဖက်ညွှန်ကြားရေးမှူး ဦးတင်ဟုန် (ခ) ဦးယုကျိုး တို့၏ အမည်စာရင်းကို တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၇၆)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

မကွေးတိုင်းဒေသကြီး

မကွေးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူတို့နှင့်ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော မကွေးတိုင်းဒေသကြီး တရားရုံးမှ တိုင်းဒေသကြီး တရားသူကြီး ဦးစိန်ထွန်း၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြ

ပေးသင့်သော တရားရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးမြင့်သိန်းနှင့် မန္တလေးတိုင်းဒေသကြီး တရားရုံးမှ တွဲဖက်တိုင်းဒေသကြီးတရားသူကြီး ဒေါ်နုယဉ်တို့၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့်

ဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူနှင့်ညှိနှိုင်းပြီး အဆိုပြု

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၆၈)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၄ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

မန္တလေးတိုင်းဒေသကြီး

မန္တလေးတိုင်း ဒေသကြီးလွှတ်တော်ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်

တင်သွင်းသည့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ရန်ကုန်တိုင်းဒေသကြီး တရားရုံးမှ တွဲဖက်တိုင်းဒေသကြီးတရားသူကြီး ဒေါ်လှလှရီ၊ ရန်ကုန်တိုင်းဒေသကြီး တရားရုံးမှ တွဲဖက်တိုင်းဒေသကြီး တရားသူကြီး ဒေါ်တင်နွယ်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး တရားရုံးမှ တွဲဖက်တိုင်းဒေသကြီးတရားသူကြီး ဒေါ်ကြင်သောင်း (ခ) ဒေါ်လေးလေးမွန်၊ မန္တလေးတိုင်းဒေသကြီး တရားရုံးမှ တွဲဖက်တိုင်းဒေသကြီး တရားသူကြီး ဦးကြည်သိန်း(ခ) ဦးကြည်သိန်းအောင်၊ မကွေးတိုင်း

မွန်ပြည်နယ်

မွန်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူတို့နှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တရားရုံးချုပ်မှ တွဲဖက်ညွှန်ကြားရေးမှူး ဦးခင်မောင်ကြီး၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်

ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၃၁)ဦးစလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူနှင့်ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တရားရုံးချုပ်(မန္တလေး)မှ တွဲဖက်ညွှန်ကြားရေးမှူး ဦးသိန်းမြင့်နှင့် မန္တလေးခရိုင်တရားရုံးမှ ခရိုင်တရားသူကြီး ဦးညီညီစိုးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၃၁)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူတို့နှင့်ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ရခိုင်ပြည်နယ် တရားရုံးမှ ပြည်နယ်တရားသူကြီး ဦးကျော်

၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်



လွှတ်တော်ကိုယ်စားလှယ် (၄၆)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူနှင့်ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးမှ ညွှန်ကြားရေးမှူး ဦးသိန်းအောင်နှင့် တရားရုံးချုပ်(ရန်ကုန်)မှ တွဲဖက်ညွှန်ကြားရေးမှူး ဒေါ်စီစီတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၄၆)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်တိုင်း ဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူတို့နှင့်ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တရားရုံးချုပ် (ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဦးဝင်းဆွေ၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်(၁၂၂)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိသည့်

အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူနှင့်ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် (၇၆)ဦးစလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသည့်အတွက် တိုင်းဒေသကြီး လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူနှင့်ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်

သည့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် (၆၈)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူနှင့်ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်

တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူတို့နှင့်ညှိနှိုင်းပြီး အဆိုပြု တင်သွင်းသည့် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ရှမ်းပြည်နယ်တရားရုံးမှ ပြည်နယ်တရားသူကြီး ဦးစိုးသိန်း၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၇၆)ဦးစလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်း

ဒေသကြီးတရားရုံးမှ တွဲဖက်တိုင်းဒေသကြီး တရားသူကြီး ဒေါ်ခင်သင်းဝေနှင့် ပုသိမ်ခရိုင် တရားရုံးမှ ခရိုင်တရားသူကြီး ဦးသောင်းညွန့်တို့၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၇၆)ဦးစလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီး လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၂၃ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

အဆိုပြုတင်သွင်းသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးမှ ညွှန်ကြားရေးမှူး ဦးသိန်းအောင်နှင့် တရားရုံးချုပ်(ရန်ကုန်)မှ တွဲဖက်ညွှန်ကြားရေးမှူး ဒေါ်စီစီတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၄၆)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်တိုင်း ဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူတို့နှင့်ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တရားရုံးချုပ် (ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဦးဝင်းဆွေ၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၁၂၂)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တရားရုံးချုပ်(ရန်ကုန်)မှ တွဲဖက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်၊ တရားရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးလှအေး၊ တရားရုံးချုပ်(ရန်ကုန်)မှ တွဲဖက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာသွယ်၊ ရန်ကုန်တိုင်းဒေသကြီး တရားရုံးမှ တွဲဖက်တိုင်းဒေသကြီး တရားသူကြီး ဒေါ်စိုးစိုးအောင်၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) တရားရုံးမှ တိုင်းဒေသကြီးတရားသူကြီး ဒေါ်အေးသန်းနှင့် တရားရုံးချုပ်(ရန်ကုန်)မှ တွဲဖက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းနွဲ့တို့၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၁၂၂)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ရှမ်းပြည်နယ်

ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူတို့နှင့်ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ရှမ်းပြည်နယ်(မြောက်ပိုင်း)တရားရုံးမှ ပြည်နယ်တရားသူကြီး ဦးကြွယ်ကြွယ်၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကတင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၈)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူနှင့်ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ရန်ကုန်တိုင်းဒေသကြီးတရားရုံးမှ တွဲဖက်တိုင်းဒေသကြီး တရားသူကြီး ဒေါ်ခင်မေတင့်နှင့် ချင်းပြည်နယ်တရားရုံးမှ ပြည်နယ်တရားသူကြီး ဦးခင်မောင်ဌေးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၈)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီခွဲတွင် ရပ်နားခဲ့ကြောင်းသိရှိရသည်။

ဧရာဝတီတိုင်းဒေသကြီး

ဧရာဝတီတိုင်း ဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူတို့နှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ဧရာဝတီတိုင်းဒေသကြီး တရားရုံးမှ တိုင်းဒေသကြီး တရားသူကြီး ဦးမြင့်သိန်း၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့်

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၇၂)ဦးစလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသည့်အတွက် တိုင်းဒေသကြီး လွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူနှင့်ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော တရားရုံးချုပ်မှ ညွှန်ကြားရေးမှူး ဒေါ်သိန်းသိန်းညွှန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မင်း၊ ရန်ကုန်တိုင်းဒေသကြီး တရားရုံးမှ တွဲဖက်တိုင်းဒေသကြီး တရားသူကြီး ဦးသန်းထွန်းနှင့် တရားရုံးချုပ်မှ ရုံးအဖွဲ့မှူး ဦးမျိုးညွန့်တို့၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၇၂)ဦးစလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ထို့နောက် ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

စနစ်တကျဆောင်ရွက်

ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် ဆောင်ရွက်ရာ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၉ နှင့် ၅၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူနှင့်ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး

...လေးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်း (သတင်းစဉ်)

ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်မြင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးလမ်းပိုင်း တံတားလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၂၀ ရက်တွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (စကားအင်း-တံတားဦး-ဒဋ္ဌဝတီ-မန္တလေးအပိုင်း) မိုင်တိုင်အမှတ်(၃၅၈/၁)နှင့်(၃၅၈/၂)အကြား၌ ကွန်ကရစ်လမ်းခင်းစက်ဖြင့် ကွန်ကရစ်ခင်းနေမှု၊ မိုင်တိုင်အမှတ်(၃၅၈/၄)နှင့် (၃၅၈/၅)အကြား စက်ယန္တရားများဖြင့် လမ်းသားသိပ်သည်းမှုရရှိအောင် ခင်းကြိတ်နေမှုတို့ကိုလည်းကောင်း၊ မိုင်တိုင်အမှတ် (၃၆၀/၀)နှင့် (၃၆၀/၁) အကြား၌ အရှည်ပေ ၆၀၀ရှိ သံကူကွန်ကရစ်အမျိုးအစား သံမဏိသံပေါင်ရက်မ သံကူကွန်ကရစ်ကြမ်းခင်းတို့ဖြင့် တည်ဆောက်နေသည့် မြစ်ဆွတ်ချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ဘိုးပိုင်လုပ်ငန်းများ၊ ချဉ်းကပ်တိုင်လုပ်ငန်းများဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

လုပ်ငန်းများဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးသည် လမ်းတစ်လျှောက် စက်ယန္တရားများဖြင့် မြေကြီးလုပ်ငန်းများဆောင်ရွက်နေမှု၊ Box Culvert များ တည်ဆောက်နေမှုနှင့် တံတားများတည်ဆောက်နေမှုတို့ကိုလည်းကောင်း၊ အရှည်ပေ ၁၂၀ရှိ သံမဏိသံပေါင်ရက်မ သံကူကွန်ကရစ်ကြမ်းခင်းတို့ဖြင့် တည်ဆောက်နေသည့် စစ်ကိုင်း-မြစ်ငယ် ဖြတ်လမ်းခုံးကျော်တံတားတည်ဆောက်နေမှုနှင့် အရှည်ပေ ၉၀ရှိ သံကူကွန်ကရစ်အမျိုးအစား ရန်ကုန်-မန္တလေး မီးရထားလမ်းခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးနှင့်ဆုံသည့် တံခွန်တိုင်တံတားနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့်ဆုံမည့်နေရာ၌ အဝိုင်းပတ်လမ်းဆောင်ရွက်မည့်ပုံစံကို မြေပုံပေါ်၌ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၂-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**သေမင်းလက်ကလွတ်ဖို့ရာ** တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၆:၄၀	ရွှေကျင်မြေတွင်တည်ထားပူဇော်ဆံတော်ရှင်အရှေ့မဟာဗုဒ္ဓ ဘုရားကြီး (ခေါ်) မွေတော်မွန်ရောဇ်စေတီတော်
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၂၂)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၃၉)
၈:၄၀	Activities in the City [အထက(၃)မင်္ဂလာတောင်ညွန့်၏ အာစရိယပူဇော်ပွဲ]
၉:၀၀	ပုံတောင်တောင်ကြောဆီသို့ ခရီးတစ်ခေါက်
၉:၁၅	Activities in the City [သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)ငွေရတုအထိမ်းအမှတ် ဆရာကန်တော့ပွဲနှင့်ပြန်လည်တွေ့ဆုံပွဲ]
၉:၃၅	Cartoon Show Time (Alpha and Omega)
၁၀:၁၅	မြန်မာ့တွင်းထွက်လက်မှုပညာ ကျောက်စိမ်းကမ္ဘာ
၁၀:၄၀	Celebrity Style (ခင်ဘုဏ်း)
၁၁:၀၅	ရန်ကုန်မြင်ကွင်းကျယ် (Excellent Choice Professional သင်တန်းဖွင့်လှစ်ခြင်းနှင့်ကျောင်းသက်တမ်း(၈)နှစ်ပြည့် အခမ်းအနား)
၁၁:၃၀	ဈေးဝယ်လမ်းညွှန် (Yuri Meiko)
၁၁:၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂:၀၅	JICA Myanmar ၏ မေတ္တာကွန်ရက်များဆီသို့… (သတင်းအချက်အလက်နှင့်နည်းပညာသင်တန်းစီမံကိန်း)
၁၂:၁၅	သင်ကြားရေးလမ်းညွှန် (တခိုင်လုံးရွှေအေးအေးမြင့်အကသင်တန်း)
၁၂:၃၅	ရန်ကုန်မြင်ကွင်းကျယ် (Mr. e'corre & Ms. LISANGE ရွေးချယ်ပွဲ)
၁:၀၀	**သေမင်းလက်ကလွတ်ဖို့ရာ** တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	တိပိဋကယောဆရာတော်ဘုရား၏ သက်န်းသက်ရွှေရတုနှင့် ကျောင်းတိုက်တည်(၅၂)နှစ်ပြည့် မင်္ဂလာအောင်ပွဲစာအောင်သံဃာ အရှင်မြတ်များအားချီးကျူး ဂုဏ်ပြုပူဇော်ပွဲ
၂:၄၀	Activities in the City (ONLINE ကုန်စည်ပြပွဲ)
၃:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၂၂)
၃:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၃၉)
၄:၃၅	အထက(၁)သဃ်န်းကျွန်း မြတ်ဆရာပူဇော်ပွဲ
၄:၅၀	The Champion of Dance
၅:၄၀	Myanmar Casual Wear Super Star Singing Contest အကြိုပြင်ဆင်နေမှုများ
၆:၀၀	MRTV-4 သတင်း
၆:၂၀	ပုံတောင်တောင်ကြောဆီသို့ ခရီးတစ်ခေါက်
၆:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၂၃)
၇:၂၀	Celebrity Choice (Too Big)
၈:၀၀	MRTV-4 သတင်း
၈:၃၀	**တို့တောကအလှူ** [အင်္ဂပူမြို့နယ်ညောင်ပင်သာရွာရဲ့ ရှင်(၁၀၈)ပါးရှင်ပြုအလှူတော်မင်္ဂလာ]
၈:၄၅	ရန်ကုန်မြင်ကွင်းကျယ် (ပြေတီဦးပညာရေးဖောင်ဒေးရှင်းသို့ GARNIER မှလှူဒါန်းငွေ ပေးအပ်ပွဲအခမ်းအနား)
၉:၀၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၄၀)
၁၀:၁၀	အနုပညာမိုးကောင်းကင်
၁၀:၂၅	**စာအုပ်ပြခန်း** (teen magazine)
၁၁:၄၅	**ရွှေဖြူ** ဟုခေါ်သည် (အပိုင်း-၁)
၁၁:၁၀	MRTV-4 ကျန်းမာရေးကဏ္ဍ (မျက်စိအတွင်းတိမ်ရောဂါ အကြောင်းသိကောင်းစရာ)
၁၀:၃၀	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (နိုင်ငံတကာဆုရ မြန်မာ့တိုင်းရင်း အလှမွေးငါးများ)
၁၀:၄၅	အများမြင်စရာနှစ်ပါးသဘင်မဟာ (ရွှေမန်းသဘင်အဖွဲ့ တင်မောင်ဆန်းမင်းဝင်း) (အပိုင်း-၁)
၁၂:၃၀	**အန္တရာယ်ကင်းသောမိခင်ဘဝ** (ဒေါက်တာသိန်းသိန်းဌေး)
၁၂:၄၅	World of Knowledge (World's Toughest Fixes: Giant Antenna)
၁:၃၀	**ကုသမနေ့းတီဘီအေး** ရာဇာနေဝင်း၊ သုမောင်၊ ညီရော်၊ မတူး (ဒါရိုက်တာ-ပန်းချီစိုးမိုး)
၁:၄၅	Movie Mistakes (Troy)
၂:၀၅	ဆေးဖက်ဝင်သစ်ခွ၏ အသုံးဝင်မှုများထဲမှ…
၂:၁၅	အဆင့်မြင့်ကြွေသီးစက်ရုံ (ချောက်မြို့)
၂:၄၀	**လွှမ်းတင်သည့်ကြိုး** ဇင်ဝိုင်း၊ ဇင်မျိုး၊ မြတ်ကေသီအောင်၊ အိဖြိုးချယ်ရီ (ဒါရိုက်တာ-Nova)
၃:၀၅	ကဏ္ဍစုံလင်အားကစား အစီအစဉ်
၄:၀၀	ကမ္ဘာနှင့်ယှဉ်ရင်ပေါင်တန်း မြန်မာ့သားရေထည်ရဲ့အစွမ်း
၄:၁၀	တိရစ္ဆာန်လေးတွေမွေးကြမယ် (ငါးကန်အလှဆင်ခြင်း)
၄:၃၅	နည်းပညာအစွမ်းထက် Solar Hut
၄:၅၀	ကံကူထွတ်ခေါင်ပိတ်ချင်းမြောင်
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မီးဖို မီးကြွင်း မီးကျန် သတိပြုရန် နှိုးဆော်ချက်

- သင့်ရဲ့အိမ်မှာ မီးဖို မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများ သုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။
- သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch)တို့ကို ချထားပြီးမှ အပြင်သို့ ထွက်သွားခြင်းအား သတိထားပြီး အလေ့အကျင့် ပြုလုပ်ပါ။
- မီးဖို မီးကြွင်း မီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင် လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

မီးသတ်ဦးစီးဌာန

၂၀၁၁ ခုနှစ် အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၁ ခုနှစ် အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၆ရက်မှ မတ် ၂ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် အမျိုးသားအလွတ်တန်း တစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားအသက် ၃၅ နှစ်အထက် တစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အသက် ၄၅ နှစ်အထက် တစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အသက် ၅၅ နှစ်အထက် တစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲများနှင့် အမျိုးသားအသက် ၆၀ နှင့်အထက် တစ်ဦးချင်း၊ နှစ်ယောက်တွဲ ပြိုင်ပွဲများ ပါဝင်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်အားကစားသမားများ ဖေဖော်ဝါရီ ၂၅ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် (သိမ်ဖြူတင်းနစ်ကွင်း)သို့ အမည်စာရင်းများ ပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲနှင့်စပ်လျဉ်း၍ ဖုန်း-၃၇၂၃၆၀၊ ၃၈၁၉၉၁ နှင့် ၃၈၁၉၉၂ လိုင်းခွဲ-၀ သို့ မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာအုပ်

စာပေ

လှူ့မိတ်ဆွေ

ကျော်တက်ရမှာလား၊ ဘေးကပ်ရမှာလား

သတင်းဆောင်းပါး-ကျော်ဇော(လှသီပွံ-ရွှေဘို)၊ ဓာတ်ပုံမှတ်တမ်း-မြင့်မောင်စိုး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ရန်ကုန်-မန္တလေး အဝေးပြေးလမ်းဟောင်း၏ တစ်နေရာ။

ရေဆင်းနဲ့ တပ်ကုန်းမြို့နယ်အကြား လမ်းမပေါ်....။

ရှေ့မှ တရွေ့ရွေ့မောင်းနှင်နေတဲ့ကုန်ကားကြီးက ညာဘက်အချက်ပြမီးကိုပြပြီးဘေးကပ်သွားပါတယ်။ စာရေးသူရဲ့ ကားကို ဘယ်ဘက်ခေါင်းထိုးပြီး ကျော်တက်ဖို့ ပြင်လိုက်ပါတယ်။ 'ဟိုက်' ကံကောင်းပေလို့....။

စာရေးသူရဲ့ကားကို ညာဘက်အမြန် ပြန်ဆွဲယူလိုက်ရပါတယ်။ ဘယ်ဘက်မျက်နှာချင်းဆိုင် လမ်းကြောက ကားတစ်စီး လာနေတာပဲ၊ ကံသီပေလို့....။

ရှေ့ကကုန်ကားကြီး အချက်ပြနေတာဟာ စာရေးသူရဲ့ကားကို ကျော်တက်ခွင့်ပြုနေတာမှမဟုတ်ဘဲ၊ ရှေ့မှကားလာလို့ ဘေးကပ်ဖို့ အချက်ပြလိုက်ခြင်းပေပဲ။ စာရေးသူ ဘာလုပ်ရမှာလဲ၊ **ကျော်တက်ရမှာလား၊ ဘေးကပ်ရမှာလား...**။

သတိပေး

"အများညီရင် ဤကို ကျွဲဖတ်ကြစတမ်းဆို"တဲ့ ပြက်လုံးလေးတစ်ခုကြားဖူးကြမှာပါ။ သတိပေးထားတဲ့ အဆိုလေးတစ်ခုလည်းဖြစ်ပါတယ်။ ဒီအဆိုလေးက ယနေ့ကာလ အချို့နေရာတွေမှာ လွဲမှားနေတဲ့ ယာဉ်ကြောအချက်ပြစနစ်ကို သတိပေးလိုက်သလိုပါပဲ။

ကြုံတွေ့

ဒီကိစ္စက အများညီလို့ပဲလား၊ ဒါမှမဟုတ် အမှားကြာလို့ အမှန်လို့ထင်ကုန်ကြလေရော့သလား မသိပါဘူး။ ခက်တော့ အခက်ကြီး။ ဒါပေမယ့် အမှားဟာ အမှားဖြစ်ပြီး အမှန်ဟာ အမှန်ပါပဲ။ လူတိုင်းလူတိုင်းလည်း တွေ့ဖူး မြင်ဖူးနေကြမှာပါ။များသောအားဖြင့် မော်တော်ယာဉ်နဲ့ High way သွားကြတဲ့အခါတိုင်း တွေ့ဖူး ကြုံဖူးနေကြရတဲ့ ကျော်တက်ရမှာလား၊ ဘေးကပ်ရမှာလားဆိုတဲ့ကိစ္စပါ။ လွဲမှားစွာ အသုံးပြုနေတဲ့ အချက်ပြမီးစနစ်ကြောင့် ယာဉ်တွေ၊ ခရီးသည်တွေ မကြာခဏ အန္တရာယ်နဲ့ ကြုံတွေ့ခဲ့ကြရပါတယ်။

တချို့ယာဉ်မောင်းတွေက အမှားကို အမှန်ထင်ပြီး အချက်ပြနေကြတဲ့သူတွေရှိသလို တချို့ယာဉ်မောင်းတွေကတော့ မှားမှန်းသိလျက်နဲ့အများစုမိုးခါးရေသောက်နေကြလို့လိုက်သောက်နေကြတာ။ မော်တော်ယာဉ် တော်တော်များများကတော့ မြို့တွင်းတွေမှာ အချက်ပြတာ မှန်ကြပါတယ်။ မှားတာကတော့ အဝေးပြေးလမ်းမကြီးတွေပေါ်မှာပါပဲ။

လမ်းကြောပေါ်မှာ သွားနေကြတဲ့ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်တွေရဲ့ဘယ်ကွေ့၊ ညာကွေ့၊ ကျော်တက်ဆိုတဲ့အချက်ပြတွေမြို့တွင်းမှာတစ်မျိုး၊ မြို့ပြင်မှာတစ်မျိုး တွေ့နေရတတ်ပါတယ်။ အမှန်မှာတော့ ဘယ်ကွေ့မယ်ဆိုရင် ဘယ်ဘက်က အချက်ပြမီးကိုသုံးပြီး ညာကွေ့မယ်ဆိုရင် ညာဘက်က အချက်ပြမီးကို အသုံးပြုရမှာပါ။ တစ်ခါ မိမိနောက်ကပါလာတဲ့ ယာဉ်ကို ကျော်စေချင်ရင် ရှေ့ကားက ညာဘက် အချက်ပြမီးကိုသုံးပြီးဘေးကို ကပ်ပေးရမှာ ဖြစ်ပါတယ်။ နောက်ပြီး ရှေ့ကားက ဘယ်ကွေ့ချင်ရင် **ဘယ်**ဘက်က အချက်ပြမီးကို သုံးရမှာဖြစ်ပြီး ညာကွေ့ချင်ရင် ဒါမှမဟုတ် ညာဘက်ကပ်ချင်ရင် ညာဘက်အချက်ပြမီးကို သုံးရမှာဖြစ်ပါတယ်။ ဒါမှသာ မှန်ကန်တဲ့ အချက်ပြစနစ်ဖြစ်ပါတယ်။ ဒါမှလည်း ဘယ်ကွေ့၊ ညာကွေ့ပြတဲ့ သင်္ကေတနဲ့လည်း သဘောချင်းကိုက်ညီလိုက်ဖက်သွားမှာဖြစ်ပါတယ်။ ကျော်တက်မယ့် ယာဉ်က မိမိယာဉ်ရဲ့ ဘယ်ဘက်က ကျော်တက်မှာဖြစ်လို့ ညာဘက်က အချက်ပြမီးကို သုံးရမှာဖြစ်ပါတယ်။ ဒါမှလည်း ညာကိုကွေ့မယ်၊ ညာကပ်မယ်လို့ ယူဆနိုင်သလို ကျော်တက်ပါဆိုတဲ့ သဘောကိုလည်း ယူဆနိုင်ပါတယ်။

တစ်ဖန် ဘယ်ဘက်က အချက်ပြကိုသုံးရင် မိမိယာဉ်ဟာ ဘယ်ဘက်ကိုကွေ့မယ်လို့ ယူဆရမှာဖြစ်တဲ့အတွက် နောက်ကယာဉ်က ကျော်တက်လို့ မရပါဘူး။ ဒီသဘောကို ရှေ့ကမောင်းတဲ့ယာဉ်မောင်းရော နောက်ကလိုက်တဲ့ယာဉ်မောင်းပါ နားလည်ထားရမှာဖြစ်ပါတယ်။ နားလည်း နားလည်ကြပါတယ်။ ဒါပေမယ့် စာရေးသူ သတင်းဆောင်းပါးအစမှာ ရေးခဲ့သလို အများညီလို့ အမှားကို အပီသုံးနေကြတာပဲဖြစ်ပါတယ်။

ပြဿနာဖြစ်နိုင်

ယာဉ်တစ်စီးရဲ့ အချက်ပြမှုဟာ တခြားယာဉ်ကို ဘယ်လိုလုပ်ပါဆိုတဲ့ ညွှန်ပြမှုတွေလုပ်ရတဲ့ သဘောမျိုးမဟုတ်ပါဘူး။ မိမိယာဉ်ကို ဘယ်လိုလုပ်မယ်ဆိုတာကိုပဲ နောက်ယာဉ်ကို အသိပေးရတာမျိုး ဖြစ်ပါတယ်။ အခုဖြစ်နေတာက ဘယ်လိုမှားနေကြသလဲဆိုတော့ ဘယ်ကွေ့၊ ညာကွေ့ဆိုတာကိုတော့ အချက်ပြမှန်ကြပါတယ်။ ဒါပေမယ့် ကျော်တက်၊ မကျော်နဲ့ဆိုတဲ့ အချက်ပြကတော့ မှားနေကြပါတယ်။ ကျော်တက်ပါဆိုရင် ဘယ်ဘက်က အချက်ပြမီးကို သုံးပြီး မကျော်တက်စေချင်ရင် ညာဘက်က အချက်ပြကို သုံးနေကြပါတယ်။ ဘယ်လိုဖြစ်နေကြသလဲဆိုတော့ မိမိယာဉ်ရဲ့ လမ်းကြောင်းကို ဖော်ပြပေးတဲ့သဘောမျိုး မဟုတ်တော့ဘဲ တခြားယာဉ်ကို ဟိုလိုလုပ်ပါ၊ ဒီလိုလုပ်ပါဆိုသလိုမျိုး ဖြစ်နေပါတယ်။ အချက်ပြစနစ်အမှန်ကို သိထားတဲ့ ယာဉ်မောင်းနဲ့အချက်ပြအမှားကို အမှန်လို့ထင်နေတဲ့ ယာဉ်မောင်းတို့ဟာ ယာဉ်နှစ်စီးရှေ့နောက်ရှိနေကြပြီဆိုရင် ပြဿနာဖြစ်ဖို့အခြေအနေတွေအများကြီးရှိနိုင်ပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး စာရေးသူက အချက်ပြအမှန်ကို သိထားတဲ့ High way ယာဉ်မောင်းကြီးတစ်ဦးကို မေးကြည့်တော့ သူက "ဆရာရေ၊ ကျွန်တော်တို့ကတော့ High way ပေါ်မှာ မီးစင်ကြည့်မောင်းရတာပဲ၊ ကိုယ်က နောက်ကရှိနေရင် ရှေ့ကားရဲ့အထာကို အကဲခတ်ပြီး အချက်ပြအမှန်ကို သိတဲ့သူလား၊ အမှားကို အမှန်လို့ ထင်နေတဲ့သူလားဆိုတာ ချင့်ချိန်ပြီး မောင်းရတာပဲ။ တချို့ကားတွေကျတော့လည်း အမှန်ကို အမှန်တိုင်းသိကြပါတယ်။ သိတဲ့အတိုင်းလည်း ကျင့်သုံးကြပါတယ်။ တချို့ကျတော့လည်း အမှန်ကို မသုံးကြဘူး။ ကိုယ့်ကားက ရှေ့ကဆိုရင်တော့ နောက်ကားက အမှန်သိတဲ့ကားလား၊ မသိတဲ့ကားလားဆိုတာ အကဲခတ်ပြီး မောင်းရတာပဲ"လို့ ပြောပြလို့ ဒါဖြင့်တော့ ခက်ကုန်ကြပြီလို့ စိတ်ထဲမှာ အောက်မေ့ရပါတယ်။

အမှားကိုအမှန်ထင်

တစ်ခါလည်း စာရေးသူမိတ်ဆွေတစ်ယောက်ရဲ့ ကိုယ်ပိုင်ကားကြုံနဲ့ High way လမ်းတစ်ခုကနေ လိုက်သွားဖူးပါတယ်။ လမ်းမှာ ကိုယ့်ရှေ့ကားက အချက်ပြမှားနေလို့ စာရေးသူက ကားမောင်းနေတဲ့ မိတ်ဆွေကို ရှေ့ကား အချက်ပြမှားနေတယ်လို့ ပြောပြတော့ဒါနဲ့မိတ်ဆွေက "ရှေ့ကားရဲ့ အချက်ပြက အမှန်ပါ၊ ဆရာက မှားနေတာပါတဲ့" ကိုင်း....ပြီးကြရော၊ ယာဉ်မောင်းသက်တမ်း ကြာပြီဖြစ်တဲ့ မိတ်ဆွေကြီးကတောင် အမှားကိုအမှန်ထင်နေတဲ့ကိစ္စဘယ့်နှယ်များလုပ်ကြမတုန်း။

တိုက်တွန်း

ဟိုးလွန်ခဲ့တဲ့ ကျွန်တော်တို့ ကျောင်းသားဘဝတုန်းက မြန်မာနိုင်ငံရဲ့ ယာဉ်မောင်းစနစ်က လက်ဝဲကပ်မောင်းစနစ်ပါ။ အဲဒါကို မြန်မာနိုင်ငံနဲ့ လိုက်လျောညီထွေရှိမယ့် ယာဉ်မောင်းစနစ်ကို လက်ယာကပ်မောင်းစနစ် အဖြစ် ၁၉၇၀ ပြည့်နှစ်ဝန်းကျင်လောက်က ပြောင်းလဲခဲ့ကြတာ။ အဲဒါကို ကြိုတင်ပြီး ဘယ်နေ့ဘယ်ရက်မှာ တစ်ပြည်လုံး လက်ယာမောင်းစနစ် ကျင့်သုံးပြောင်းလဲမယ်ဆိုပြီး ရေဒီယို၊ သတင်းစာတွေမှာ ကြေညာပြီး ပြောင်းခဲ့တာ အောင်မြင်ခဲ့ပါတယ်။ အခုလည်း ပြုပြင်လိုက်ကြမယ်ဆိုရင်ဖြင့် အမှားကြာလို့ အမှန်ဖြစ်နေတဲ့ကိစ္စကို ပြောင်းလဲနိုင်ကြမှာပါ။ ဒီအချက်ပြမှားနေတဲ့ကိစ္စလေးကိုပဲ ရေးကြီးခွင်ကျယ်လုပ်ပြီး ရေးနေရသလားလို့ မအောက်မေ့ကြပါနဲ့။ ယာဉ်အချက်ပြစနစ် မှားယွင်းနေကြတဲ့အတွက် ယာဉ်တိုက်မှုတွေဖြစ်ပွားတာ မနည်းတော့ပါဘူး။ ဒီအတွက် ထိခိုက်ဒဏ်ရာ ရမှုတွေ၊ သေကျေမှုတွေ နောက်ထပ် မကြုံရစေဖို့ စေတနာအရင်းခံနဲ့ မော်တော်ယာဉ် မောင်းသူတိုင်း ကျော်တက်ရမှာလား၊ ဘေးကပ်ရမှာလားဆိုတဲ့ အချက်ပြစနစ်အမှန်ကို သိရှိလိုက်နာကျင့်သုံးသွားနိုင်ရန် တိုက်တွန်းရေးသားလိုက်ရခြင်း ဖြစ်ကြောင်းပါ။ ။ **(မြန်မာ့အလင်း)**

ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမကြီး လမ်းဆုံတစ်နေရာ၌ ရှေ့ကားမှ ဘယ်ဘက်အချက်ပြမီးပြ၍ စနစ်မှန်ကန်စွာ ဘယ်ဘက်သို့ ကွေ့မောင်းသွားသည်ကို ဤသို့ တွေ့ရသည်။

လမ်းမကြီးတစ်နေရာ၌ ရှေ့ကားက ညာဘက်အချက်ပြမီးပြ၍ ညာဘက်လမ်းကြောအတွင်းဝင်ကာ ဘေးကပ်ပေးလိုက်သဖြင့် နောက်ဘက်မှ ကားတစ်စီးက ဤသို့ စနစ်မှန်စွာ ကျော်တက်မောင်းနှင်သွားသည်ကို တွေ့ရသည်။

ကော့မှူးမြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

ကော့မှူး ဖေဖော်ဝါရီ ၂၁

ရပ်ကွက်နှင့် ကျေးရွာအုပ်စုအသင်း ၂၄ သင်း ပါဝင်ယှဉ်ပြိုင်သည့် ကော့မှူးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်နှင့် ကျေးရွာအုပ်စု အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၃ နာရီက ကော့မှူးမြို့နယ် အားကစားကွင်း၌ကျင်းပရာ အဖျောက်ကျေးရွာအသင်းက ၄ ကက်အော်စမ်းကျေးရွာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

ပြိုင်ပွဲတွင် ဆုရအသင်းများနှင့် တစ်ဦးချင်းဆုများကို မြို့နယ်အဆင့်ဌာနဆိုင်ရာများက ဆုများချီးမြှင့်ကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးညီညီဝင်းက ဗိုလ်စွဲခဲ့သည့် အဖျောက်ကျေးရွာအသင်းကို ဆုဖလားနှင့် ငွေသားဆု ငွေကျပ်သုံးသိန်းကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

Red Horse Industrial Group က ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသော PEP Full Cream Milk Powder နှင့် Low Fat Milk Powder တို့၏ ကျန်းမာပျော်ရွှင်သော မိသားစုဓာတ်ပုံပြိုင်ပွဲ PEP Family Photo Contest-2011 ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ Traders Hotel Myanmar Ball Room ခန်းမ၌ ကျင်းပသည်။

ဖော်ကျူး

PEP နို့မှုန့်စားသုံးသူ မိသားစုများအား ဂုဏ်ပြုသည့်အနေဖြင့် Red Horse Industrial Group က နှစ်စဉ်မိသားစုဘဝ ပျော်ရွှင်ကြည်နူးပုံများကို ဖော်ကျူးလျက် ဓာတ်ပုံအနုပညာနှင့်မိသားစုများ၏ စွမ်းဆောင်ရည် (Performance) ကို ထုတ်ဖော်ဂုဏ်ပြုလိုသည့်အတွက် PEP Family Photo Contest-2011 ကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် Red Horse Industrial Group မှတာဝန်ရှိသူများက ဆုရရှိသူဓာတ်ပုံပညာရှင်များနှင့် ဓာတ်ပုံသရုပ်ဆောင် မိသားစုများအား ဆုများပေးအပ်ချီးမြှင့်ကာ ပရဟိတအသင်းအဖွဲ့များအား အလှူငွေပေးအပ်၍ ကံစမ်းမဲများ ဖွင့်ကြသည်။

ယုံကြည်စိတ်ချစွာ သောက်သုံးနိုင်

PEP Family Photo Contest-2012 ကိုဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ New Product အဖြစ်ထုတ်လုပ်ဖြန့်ချိခဲ့သော PEP Low Fat သည် Skin Milk Powder အမျိုးအစားဖြစ်၍ ကျန်းမာရေး ညီညွတ်ကာ နို့နေ့စဉ်သောက်သုံးပြီး မလိုအပ်သောကယ်လိုရီများလျှော့ချခြင်း၊ ကိုယ်အလေးချိန်လျှော့ကျစေလိုသော ကျန်းမာရေးလိုက်စားသူများနှင့် သက်ကြီးရွယ်အိုများအတွက် အရိုးများနှင့်သွားများကို ခိုင်မာသန်စွမ်းစေခြင်းအပြင် လူမမာများအတွက် နေ့စဉ်လိုအပ်သော အာဟာရတန်ဖိုးများ အပြည့်အဝပေးစွမ်းနိုင်သည့် နယူးဇီလန်နိုင်ငံမှ မူရင်းနို့မှုန့်ကို ကောင်းမွန်စွာထုတ်လုပ်မှု ကျင့်စဉ်(GMP)နှင့်အညီ ထိန်းချုပ်ထုတ်လုပ်ထားသော နို့မှုန့်ဖြစ်သဖြင့် ယုံကြည်စိတ်ချစွာ သောက်သုံးနိုင်ကြောင်း သိရသည်။

PEP Low Fat Skin Milk နှင့် PEP Full Cream Milk Powder နို့မှုန့်များကို 20 gm, 200 gm, 400 gm & 500 gm အရွယ်အစားအမျိုးမျိုး ထုတ်လုပ်ထားပြီး အမြို့မြို့အနယ်နယ်ရှိ ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ကြောင်းနှင့်တိုက်ရိုက်မှာယူလိုပါက Red Horse Industrial Group ဖုန်း- ၀၁-၅၄၁၁၂၄ နှင့် ၅၅၃၃၆၆ တို့ထံသို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သထုံမြို့နယ် ကတိုက်ကြီးကျေးရွာ မြေသားရေလှောင်ကန် တူးဖော်ခြင်းလုပ်ငန်းကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနို ဖေဖော်ဝါရီ ၁၅ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနိုင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တိုက်ကြီးမြို့နယ် တာခွအခြေခံပညာအလယ်တန်းကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲနှင့် လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က အဆိုပါကျောင်း၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်မာနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်းဖောက်လုပ်သော ကွန်ကရစ်လမ်းကို မြို့နယ်ပညာရေးမှူး ဦးထွေးကြည် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေး မုံရွာမြို့၌ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

မုံရွာ ဖေဖော်ဝါရီ ၂၁

၂၀၁၁ ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းမြို့နယ်အဆင့်အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀နာရီက မုံရွာမြို့နယ်မြေစာရင်းဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မုံရွာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းလှိုင်ကအမှာစကားပြောကြားပြီး မုံရွာမြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးချစ်ထွန်းအောင်ကလယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှတာဝန်ရှိသူများနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနမှ သင်တန်းသား ၃၉ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်မြေစာရင်း)

တီရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေး အခြေခံသင်တန်း ဘားအံမြို့နယ်၌ ဖွင့်လှစ်

ဘားအံ ဖေဖော်ဝါရီ ၂၁

ကရင်ပြည်နယ် ဘားအံမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ကျေးလက်တိရစ္ဆာန်ကျန်းမာရေး လုပ်သားများအတွက် တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ရေး အခြေခံသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၇ရက်က အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဦးစီးမှူး ဒေါက်တာသိန်းဇော်ဝင်းက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဒေါက်တာမြမြစမ်းကဇီဝလုံခြုံမှုဆိုင်ရာများကိုလည်းကောင်း(ဝဲပုံ)၊ မြို့နယ်ဦးစီးမှူးဒေါက်တာနီနီမော်က တိရစ္ဆာန်များတွင်ဖြစ်ပွားတတ်သောရောဂါများအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

(မြို့နယ်တိမွေးကု)

မတ္တရာမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ မြနန္ဒာလမ်းကတ္တရာလမ်းပေါက်ဖာထေးခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးဇော်မြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၃)ဦးသိန်းဇော်လတ်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြို့မကျောင်းသားကျောင်းသူဟောင်းများအသင်း အခြေခံကြက်တောင်ရိုက်နည်းသင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြို့မကျောင်းသားကျောင်းသူဟောင်းများအသင်းကဦးစီး၍ အခြေခံကြက်တောင်ရိုက်နည်းသင်တန်းကို မတ် ၃ ရက်(ကြာသပတေးနေ့)တွင် ဖွင့်လှစ်မည်ဖြစ်ပြီး နေ့စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ် ၆၈ စကားဝါလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့တွင် သင်တန်းဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများ မြတ်မွန်ရတနာခန်းမ မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်းတိုက် သင်တန်းမှူး ဦးစိုးမြင့် ဖုန်း-၂၅၀၁၅၃၊ ၇၃၀၁၁၇၀၇ တို့ထံသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

အမြို့မြို့အနယ်နယ် မှုခင်းသတင်း

နေပြည်တော် ဖေဖော်ဝါရီ ၂၁

မြင်းမူ၌ ယာဉ်နှစ်စီးတိုက် တစ်ဦးသေဆုံး

မြင်းမူမြို့နယ်တွင် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၃ နာရီခန့်က မုံရွာ-မန္တလေးလမ်းမကြီး မိုင်တိုင်အမှတ် ၄၁ အနီးတွင် မန္တလေးဘက်မှ မုံရွာဘက်သို့ ယာဉ်မောင်း မောင်စိုး (၂၉)နှစ် (ဘ)ဦးထွန်းငွေ မောင်းနှင်ပြီး ယာဉ်နောက်လိုက် ကျော်နိုင်လင်း (၂၂)နှစ် လိုက်ပါလာသော ယာဉ်အမှတ် ထ/... ဒိုင်နာအစိမ်းရောင်နှင့် မုံရွာဘက်မှ မန္တလေးဘက်သို့ စိုးသိန်းဝင်း (၃၂)နှစ် (ဘ)ဦးသိန်း မောင်းနှင်လာသော ပ/.... ဒိုင်နာအညိုရောင်ယာဉ်တို့ မျက်နှာချင်းဆိုင် တိုက်မိကာ ထ/....မောင်းနှင်သူယာဉ်မောင်း မောင်စိုးမှာ မေးစေ့ကွဲ၊ လက်ပြင်နာကျင်ဒဏ်ရာများရရှိပြီး ယာဉ်နောက်လိုက် ကျော်နိုင်လင်းမှာ မျက်နှာပွန်းပဲ့၊ ဦးခေါင်းကြေမွပြီး အခင်းဖြစ်နေရာတွင်ပင် သေဆုံးခဲ့သည်။အဆိုပါ ယာဉ်နှစ်စီးတိုက်မိမှုကြောင့် ယာဉ်မောင်းနှစ်ဦးလုံးအား သက်ဆိုင်ရာမှ အရေးယူထားကြောင်း သိရှိရသည်။ (၀၇၉)

ဓာတ်တိုင်ပေါ်တက် မီးပြင်သူ ပြုတ်ကျသေဆုံး

မိတ္ထီလာမြို့ အောင်ဇေယျာနယ်မြေ စက်ဦးကျောင်းပေါက်အနီးမှ အိမ်တစ်အိမ်တွင် ဖေဖော်ဝါရီ ၈ ရက် ညနေ ၃ နာရီခွဲခန့်က မီးပျက်သဖြင့် မိတ္ထီလာမြို့ ဝန်ဇင်းရပ်ကွက် နယ်မြေ (၁၇) မင်္ဂလာဦးရပ်ကွက်နေ မောင်လှမျိုး (၂၈)နှစ် ဓာတ်တိုင်ပေါ်တက်၍ မီးပြင်နေစဉ်ဓာတ်လိုက်ပြီး ဓာတ်တိုင်ပေါ်မှ ပြုတ်ကျသေဆုံးသွားခဲ့သည်။ မောင်လှမျိုးမှာ မြို့နယ်လျှပ်စစ်ဌာနမှ ဝန်ထမ်းမဟုတ်ဘဲ ဓာတ်တိုင်ပေါ်တက် မီးပြင်ရာမှ ပြုတ်ကျသေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ *(၀၁၂)*

တရားမဝင်ကုန်ပစ္စည်း သယ်ဆောင်သူ သက်ဆိုင်ရာက အရေးယူ

ပေါက်မြို့နယ် ရေပြာကျေးရွာအနီး ပုသိပ်-မုံရွာကားလမ်းမတွင် ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၅ နာရီခွဲခန့်က မတူပီမှ မန္တလေးသို့ မျှောစာအမှတ်(၃၀၈၉/၅)ဖြင့် "ဝ" ဥခြောက် ပိဿာ ၁၀၀၀ သယ်ဆောင်လာသော မော်တော်ယာဉ်အမှတ် ဆ/.... အား တာဝန်ရှိသူများက စစ်ဆေးရာ မျှောစာပါခွင့်ပြု "ဝ"ဥခြောက် ပိဿာ၁၀၀၀ ထက်ကျော်လွန်ကာ ၆၁၄၃ ပိဿာ တင်ဆောင်လာသည့်အပြင် တရားမဝင်သစ်ခွပန်းရိုး ၂၅ အိတ် (၃၈၁ ပိဿာ)၊ ချေသားရေ ၉၈ချပ်၊ အင်းကျားသားရေသုံးချပ်၊ လိပ်ဝမ်းဗိုက်ခွံ ၇၉ ချပ် (ကိုးပိဿာ)၊ ဆတ်ချိုခြောက်ချောင်း(သုံးပိဿာ)၊ တောကြောင် အရိုးစုတစ်ခု (တစ်ပိဿာခွဲ) စုစုပေါင်းကာလတန်ဖိုး ငွေကျပ်သိန်း ၂၀၀ ကျော်ဖိုးခန့်တို့ကို ရှာဖွေတွေ့ရှိခဲ့သဖြင့် မော်တော်ယာဉ်နှင့်အတူ ပခုက္ကူမြို့နေ ယာဉ်မောင်း ဦးခင်မောင်ဆွေနှင့် ထီးလင်းမြို့နယ် ယာဉ်နောက်လိုက် ဦးကျော်ဆွေနိုင်တို့အား သက်ဆိုင်ရာက အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ (၀၇၀)

မြန်မာ့အလင်း စာတည်းထံပေးစာများ

စည်းကမ်းမဲ့ ဈေးသည်များ ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား -

သဃ်န်းကျွန်းမြို့နယ် စံပြရပ်ကွက် ကျောင်းလမ်း (ခ) စံပြ ၅လမ်းနှင့် သံသုမာလမ်းဆုံရာ လမ်းထိပ်တွင် ထမင်းကြော်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ကွမ်းယာဆိုင်များ လမ်းပိတ်ဆို့၍ နေ့ညမပြတ် စည်းကမ်းမဲ့ ရောင်းချနေသည့်အပြင် ရေမြောင်းများပိတ်ဆို့နေသဖြင့် ယာဉ်အဝင်အထွက်မကောင်းခြင်းတို့ကြောင့် လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ။

စက်သုံးဆီဆိုင်ကြောင့် မီးဘေးစိုးရိမ်ရ

စာတည်းရှင် -

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ (၅)ရပ် သုခမိန်လမ်းနှင့် မြေညီလမ်းထိပ် ထရန်စဖော်မာတိုင်အနီးတွင် လောင်စာဆီများကို သိုလှောင်ရောင်းချခြင်း၊ ကားလမ်းပိတ်ဆို့ပြီး ဓာတ်ဆီ သိုလှောင်ရောင်းချခြင်းတို့ကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရပါသဖြင့် ၎င်းဆီဆိုင်ကို သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ။

ညော်နံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား -

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် နဝဒေး ရှင်ဆုရှော့ပောက် အိမ်ရာဝင်းအတွင်းရှိ နေအိမ်တစ်အိမ်၌ စီးပွားဖြစ်အုန်းသီးခြောက်များ နေ့ညမပြတ် ကြော်လှော်နေသဖြင့် ၎င်းမှထွက်သော ညော်နံ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ပြီး မီးဘေးအန္တရာယ်ပါ စိုးရိမ်ရပါသောကြောင့် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ပတ်ဝန်းကျင်နေပြည်သူများ။

မျဉ်းကျားပေါ် ရပ်နားယာဉ်များ ကြပ်မတ်ပေးပါ

စာတည်းရှင် -

ရန်ကုန်မြို့ လှည်းတန်း-အင်းစိန်လမ်းမပေါ်ရှိ စံရိပ်ငြိမ် ၆ လမ်းထိပ်တွင် လမ်းဖြတ်ကူးသူများ အဆင်ပြေစေရန် လူကူးမျဉ်းကျားထားရှိသော်လည်း မော်တော်ယာဉ်များ (လိုင်းကား)များသည် ကားဂိတ်မဟုတ်ဘဲ ခရီးသည်များကို အတင်အချပြုလုပ်နေပါသဖြင့် လမ်းဖြတ်ကူးသူများအတွက် အန္တရာယ်ရှိသောကြောင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

အန္တရာယ်ကင်းလိုသူ။

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃ နတ်မောက်လမ်းသွယ် (၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ကျူးကျော်အိမ်ရာများ ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား -

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ စက်ရုံလယ်ပြင်ရပ်ကွက်တွင် နေအိမ်နောက်ဘက်လမ်းကြား မြေနေရာများတွင် ကျူးကျော်နေအိမ်ဆောက်လုပ် နေထိုင်လျက်ရှိရာ မီးဘေးအန္တရာယ်စိုးရိမ်ရပါသဖြင့် အဆိုပါအိမ်များကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူများ။

အမဲခြောက်လုပ်ငန်း ပိတ်သိမ်းပြီးဖြစ်

၁၄-၂-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်နေ** ပေးစာနှင့်ပတ်သက်၍ ပျော်ဘွယ်မြို့နယ် ယင်းတော်ရွာမရပ်ကွက်(၁)ရှိ အမဲသားအခြောက်လုပ်ငန်းကို ၁၈-၂-၂၀၁၁ ရက်မှစ၍ ပိတ်သိမ်းပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့။

အကြော်မျိုးစုံဆိုင်ကို ဖယ်ရှားရှင်းလင်းပြီးစီး

၆-၁၀-၂၀၁၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **အကြော်မျိုးစုံဆိုင် ဖယ်ရှားပေးပါ** ပေးစာနှင့် ပတ်သက်၍ ချောက်မြို့နယ် ဝွေးပင်ကွက်သစ် ရန်ကုန်-မန္တလေးလမ်းမကြီးဘေးအနီးရပ်ကွက်၏ လမ်းထိပ်ရှိ အကြော်မျိုးစုံဆိုင်ကို ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း တင်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့။

နိုင်ငံတကာအားကစား

ချန်ပီယံလိဂ် ဗိုလ်လုပွဲ လက်မှတ်ဈေးနှုန်းကြီးမြင့်မှု မန်ယူနည်းပြဖာဂူဆန် မကျေနပ်

မြင့်မောင်စိုး - စုစည်းသည်

လန်ဒန် ဖေဖော်ဝါရီ ၂၁

ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲ လက်မှတ်ဈေးနှုန်းမှာ ကြီးမြင့်သဖြင့် စိတ်ပျက်စရာကောင်းသလို ယုံကြည်စရာလည်း တစ်စက်မျှမရှိကြောင်း မန်ယူနည်းပြ ဖာဂူဆန်က ဖွင့်ဟပြောကြားလိုက်သည်။

ထပ်ဆောင်းပေး

လာမည့် မေ ၂၈ ရက်တွင် ကစားမည့် အဆိုပါ ဗိုလ်လုပွဲ ဈေးနှုန်းအသက်သာဆုံး ထိုင်ခုံလက်မှတ်တစ်စောင်လျှင် ပေါင် ၁၅၀ အပြင် အုပ်ချုပ်ထိန်းသိမ်းမှု စရိတ် ၂၆ ပေါင်ပါ ထပ်ဆောင်းပေးရမည် ဖြစ်သည်။

ယင်းဗိုလ်လုပွဲ၏ အသင်းပရိသတ်များသည်ပင်လျှင် တစ်ဦးလျှင် ပေါင် ၈၀ ပေးကြည့်ကြရမည်ဟုဆိုသည်။ ၄င်းပြိုင်ပွဲအတွက် လက်မှတ်များကို ပေါင် ၁၅၀၊ ပေါင် ၂၂၅ နှင့် ပေါင် ၃၀၀ အသီးသီး သတ်မှတ်ထားသည်။ ဘီးတပ်ကုလားထိုင်ဖြင့် ဝင်ရောက်ကြည့်လျှင် ပေါင် ၈၀ ထပ်မံ ကုန်ကျမည်ဖြစ်သည်။

ထိခိုက်စေနိုင်

ချန်ပီယံလိဂ်ဗိုလ်လုပွဲကစားမည့် ဝင်ဘလေကွင်းကြီးသည် ပရိသတ် ၈၆၀၀၀ ဝင်ဆံ့သည်။ ယင်းတို့အနက် ပေါင် ၈၀ တန် ထိုင်ခုံပေါင်း ၅၀၀၀၀ ပါဝင်သည်။ ယင်းထိုင်ခုံများကို ဗိုလ်လုပွဲယှဉ်ပြိုင်မည့် ကလပ်နှစ်သင်းသို့ ယူအီးအက်ဖ်အေက ပေါင် ၈၀ တန်လက်မှတ် တစ်သင်း ၂၅၀၀စီ ခွဲဝေပေးမည်ဖြစ်သည်။ လက်မှတ်ဈေးနှုန်းများ တက်လာသဖြင့် ပွဲကြည့်ပရိသတ်အားပေးမှုကို ထိခိုက်စေနိုင်ကြောင်း မန်ယူနည်းပြ ဖာဂူဆန်က ပြောကြားသည်။

(အင်တာနက်)

မန်ယူ နည်းပြ ဆာအဲလက်ဇ် ဖာဂူဆန်။

ကားလင်းဖလားဗိုလ်လုပွဲ ကွင်းလယ်ကစားသမား အလက်ဇန္ဒားလက်ဘ် လွဲချော်နိုင်

လန်ဒန် ဖေဖော်ဝါရီ ၂၁

ဘာမင်ဂမ်ကွင်းလယ်ကစားသမားအလက်ဇန္ဒားလက်ဘ်သည် ဘာမင်ဂမ်နှင့် ရှက်ဖီးဝက်နက်စဒေးတို့ အက်ဖ်အေဖလားပဥ္စမအဆင့် ယှဉ်ပြိုင်ကစားရာတွင် ဒူးခေါင်းထိခိုက်ဒဏ်ရာရခဲ့သဖြင့် လာမည့်ကားလင်းဖလားဗိုလ်လုပွဲတွင် ပါဝင်နိုင်မည်မဟုတ်ကြောင်း ၄င်းကလပ်က ကြေညာသည်။

ပထမဆုံးအကြိမ်

ဘီလာရုစ် ကွင်းလယ်ကစားသမား လက်ဘ်သည် ထိုနေ့က ဝက်နက်စဒေးနောက်တန်းလူနှင့် ထိခိုက်မိပြီး ဒူးခေါင်းဒဏ်ရာရခဲ့ခြင်းဖြစ်သည်။ ဘာမင်ဂမ်အသင်းသည် လက်ဘ်၏အသင်းဟောင်း အာဆင်နယ်နှင့် ဖေဖော်ဝါရီ ၂၇ ရက်တွင် ကားလင်းဖလားဗိုလ်လုပွဲ ကစားရမည်ဖြစ်သည်။ ဘာမင်ဂမ်အသင်းသည် နှစ်ပေါင်း ၅၅ နှစ်အတွင်း ပထမဆုံးအကြိမ် ကားလင်းဖလားဗိုလ်လုပွဲ တက်လှမ်းလာခြင်း ဖြစ်သည်။

(အပေါ်ပုံ) (အင်တာနက်)

University of Wales မှ ချီးမြှင့်သည့် BA(Hons) နောက်ဆုံးနှစ် သင်ယူနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

STI Education သည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံခန့်ခွဲမှုဆိုင်ရာ ဒီပလိုမာနှင့် အဆင့်မြင့်ဒီပလိုမာ ဘာသာရပ်အမျိုးမျိုး သင်ကြားပို့ချလျက်ရှိသည်။ ယခုအခါ STI မှ အဆင့်မြင့်ဒီပလိုမာ အောင်မြင်ပြီးသူများအနေနှင့် Wales တက္ကသိုလ်၏ BA (Hons) in Business ၏ နောက်ဆုံးနှစ်ကို သင်ယူနိုင်ပြီဖြစ်သည်။ ယင်းအစီအစဉ်သည် အင်္ဂလန်နိုင်ငံ Wales တက္ကသိုလ်၏ BA (Hons) ကို ပြည်တွင်း၌ သင်ယူနိုင်သည့် ပထမဆုံးနှင့် တစ်ခုတည်းသော အစီအစဉ်ဖြစ်သည်။

တိုက်ရိုက်သင်ကြားမည်

ယင်းဘွဲ့ကို University of Wales, UK မှ ချီးမြှင့်မည်ဖြစ်ပြီး အင်္ဂလန်နိုင်ငံ Wales တက္ကသိုလ်မှ တိုက်ရိုက် သင်ကြားမည်ဖြစ်သည်။ သင်ကြားသည့် ဘာသာရပ်များမှာ Managing Self and Others, Strategic Management, Emerging Business Themes, Financial Decision Making, Marketing Strategy, Project Management တို့ဖြစ်ပြီး တစ်နှစ်မှ သုံးနှစ်အတွင်း မိမိစိတ်တိုင်းကျ အွန်လိုင်းမှ သင်ယူနိုင်မည်ဖြစ်သည်။ ယင်းနောက်ဆုံးနှစ် တက်ရောက်လိုသူများအနေနှင့် အင်္ဂလိပ်ဘာသာ သတ်မှတ်အရည်အချင်း ပြည့်မီရမည်ဖြစ်သည်။ မပြည့်မီသူများအနေနှင့် STI ၌ English Foundation Program တက်ရောက်ရမည်ဖြစ်သည်။ Intake အားဖြင့် Jan, April, July, Oct လေးခုရှိကြောင်း သိရှိရသည်။

လျှောက်ထားနိုင်

April Intake တွင် စတင်တက်ရောက်လိုသူများ အနေနှင့် ဖေဖော်ဝါရီလနှင့် မတ်လဆန်းတွင် STI ၌ လျှောက်ထားနိုင်ကြောင်း သိရှိရသည်။ ကျောင်းလခ သက်သာပြီး နောက်ဆုံးနှစ် အောင်မြင်သူများသည် အင်္ဂလန်နိုင်ငံ Wales တက္ကသိုလ်၌ သွားရောက်၍ ဘွဲ့နှင်းသဘင် တက်ရောက်နိုင်ကြောင်းနှင့် နိုင်ငံတကာအသိအမှတ်ပြု အဆင့်မြင့် ဒီပလိုမာ အောင်မြင်ပြီးသူများ၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်ကြောင်း သိရှိရသည်။

Wales တက္ကသိုလ်၏ BA (Hons) အောင်မြင်ပြီးသူများအနေနှင့် STI ၌ University of Bradford ၏ MBA ကိုလည်းကောင်း၊ University of Wales ၏ MBA ကိုလည်းကောင်း ဆက်လက်၍ သင်ကြားနိုင်ကြောင်း သိရှိရသည်။

စုံစမ်းမေးမြန်းနိုင်

အသေးစိတ်သိရှိလိုပါက STI Education တည်ရှိရာ အမှတ် ၃၇၇ ရွှေဘုံသာ (အထက်လမ်း) ပန်းဘဲတန်းမြို့နယ်သို့ လည်းကောင်း၊ အဆောင် (၄) အခန်း (၇) မြန်မာအင်ဖိုတက်ခ်လှိုင်မြို့နယ်သို့ လည်းကောင်း၊ ဖုန်း-၅၀၇၀၄၈နှင့် ၅၀၇၁၅၁ တို့သို့ လည်းကောင်း ဆက်သွယ်စုံစမ်းဆွေးနွေးမေးမြန်း၍ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စပိန်လာလီဂါပြိုင်ပွဲ ဘာစီလိုနာ ငါးမှတ်အသာစီးရနေ

မက်ဒရစ် ဖေဖော်ဝါရီ ၂၁

စပိန်လာလီဂါ ပွဲစဉ် (၂၄) ဘောလုံးပွဲစဉ်များကို ဖေဖော်ဝါရီ ၂၀ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာက အက်သလက်တီကိုမက်ဒရစ်အသင်းအား ဒေးဗစ်ဗီလာနှင့် မက်ဆီတို့၏ဂိုးများဖြင့် နိုင်ခဲ့သည်။ **(ယာပုံ)**

သွင်းယူ

ယင်းပွဲတွင် ဘာစီလိုနာက နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရလိုက်ခြင်းဖြစ်သည်။ ပွဲစပြီးလေးမိနစ်အကြာ ဒေးဗစ်ဗီလာက ဘာစီလိုနာအသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့ပြီး မက်ဆီက ၇၈မိနစ်တွင် ထပ်မံသွင်းယူခဲ့ခြင်း ဖြစ်သည်။

အနိုင်ရ

ဘာစီလိုနာတို့ ယင်းနိုင်ပွဲအပြီး ရမှတ် ၆၅မှတ်၊ ပြိုင်ဘက်ရီးရဲမက်ဒရစ်က ရမှတ် ၆၀ဖြင့် ငါးမှတ် အသာရရှိကာ ဦးဆောင်နိုင်ခဲ့သည်။ ထိုနေ့က ရီးရဲမက်ဒရစ်ကလည်း လီဗန်တေး အသင်းကို ဘင်ဇီမာနှင့် ကာဗယ်ဟိုတို့၏ ဂိုးများဖြင့် အနိုင်ရခဲ့သည်။

သရေကစားခဲ့

ဗလင်စီယာနှင့် စပို့တင်းတို့ကစားရာတွင် ဂိုးမရှိသရေဖြစ်ခဲ့သည်။ သို့သော် ဗလင်စီယာတို့ ရမှတ် ၄၈မှတ်ဖြင့် တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။ ဗီလာရီးရဲက မာလာဂါကို တစ်ဖက် တစ်ဂိုးစီ သရေကစားပြီး နံပါတ် ၄နေရာ၌ ရပ်တည်နေသည်။ **(အင်တာနက်)**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၆၄)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၂ရက်က အထက(၂) ကျောင်း မြက်ခင်းပြင်၌ကျင်းပရာ ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလှိုင်က ဖတ်ကြားစဉ်။ (မြန်မာ့အလင်း)

ကန်စံပြကျေးရွာ သမစိတ္တ စာကြည့်တိုက်သို့ စာနယ်ဇင်းမျိုးစုံ လှူဒါန်း

ဖျာပုံ ဖေဖော်ဝါရီ ၂၀

ဖျာပုံမြို့ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်မှ ဖျာပုံမြို့နယ် ကန်စံပြကျေးရွာ ဦးစန္ဒောလမ်းမကြီးရှိ ၁၉၁၄ ခုနှစ်ကတည်းက တည်ထောင်ခဲ့သော သမစိတ္တစာကြည့်တိုက်သို့ စာအုပ်စာစောင်များ လှူဒါန်းသည့်အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က သမစိတ္တစာကြည့်တိုက်၌ ကျင်းပရာ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်(ဖိုးအောင်လေး)က သမစိတ္တစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးလေးနိုင်ထံသို့ စာနယ်ဇင်းမျိုးစုံ ၁၀၀၀ ခန့် ပေးအပ်လှူဒါန်းခဲ့သည်။ (ယာပုံ)

လှူဒါန်း

ဖျာပုံမြို့ ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်အနေဖြင့် ကျေးလက်ဒေသရှိ စာကြည့်တိုက်များသို့ စာအုပ်စာစောင်နှင့် စာနယ်ဇင်းများကို တစ်ဆင့် ပြန်လည်လှူဒါန်းသည့် အစီအစဉ်အရ ဒေးဒရဲမြို့ N.R.G စာဖတ်ခန်း၊ ကျွဲဒမင်းကျေးရွာ လရိပ်ဗေဒါစာကြည့်တိုက်၊ ဖျာပုံမြို့နယ် တင်ပုလွဲကျေးရွာ ဉာဏ်ရောင်စွမ်းရည်စာကြည့်တိုက်၊ အောက်ကွင်းကြီးစံပြကျေးရွာစာကြည့်တိုက်၊ ကြက်ဖမွေးဇောင်းကျေးရွာရှိ ရောင်ခြည်သစ်စာကြည့်တိုက်များသို့ စာနယ်ဇင်းမျိုးစုံ ၇၀၀၀ ကျော်ကို အလားတူ ပေးပို့လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

လှူဒါန်းနိုင်

ဖျာပုံမြို့ ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်သို့ စာအုပ်စာစောင်နှင့် စာနယ်ဇင်းများကို လှူဒါန်းလိုပါက ဖျာပုံမြို့တွင် စာကြည့်တိုက် ဖုန်း-၀၄၅-၄၀၉၉၇ သို့ လည်းကောင်း၊ ရန်ကုန်မြို့တွင် ဦးဝင်းချို ရူပစာအုပ်တိုက် ဖုန်း-၀၁-၃၈၅၅၉၇ သို့လည်းကောင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (၁၃၈)

ပြည်ထောင်စုနေ့အကြောင်း ဂုဏ်ပြုဟောပြော

မိတ္ထီလာ ဖေဖော်ဝါရီ ၂၀

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဟောပြောပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက မိတ္ထီလာမြို့ အထက (၁)ကျောင်း၌ ကျင်းပရာ အခမ်းအနားတွင် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြောင်း သိကောင်းစရာများကို မြို့နယ်ပညာရေးမှူး ဦးထွန်းရီက ဟောပြောပြီး အထက၊ အလကနှင့်အမကကျောင်းများမှ ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားရိုးရာအကများဖြင့် ကပြဖျော်ဖြေသည်။ (အပေါ်ပုံ)

ချီးမြှင့်

ယင်းနောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြို့နယ် သတင်း ထွေထွေလာ

ပြည်ထောင်စုနေ့ဂုဏ်ပြု၊ မြိုင်မြို့၌ ဟောပြောပွဲကျင်းပ

မြိုင် ဖေဖော်ဝါရီ ၂၀

မြိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုဟောပြောပွဲကို ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၂ နာရီက အထက ကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး(ယာပုံ)ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးနွဲ့က ပြည်ထောင်စုနေ့အကြောင်းသိကောင်းစရာများ ဟောပြောကာ ကျောင်းအုပ်ဆရာကြီး ဦးအောင်လှက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စာအုပ်စာပေ လှူမိတ်ဆွေ

ဒီဇင်ဘာ ၁၅ရက်က မြိုင်မြို့ အမှတ်(၃)ရပ်ကွက်နေ ရွှေပန်းထိမ် ဒေါ်ရီစိန်(မိသားစု)က မြိုင်မြို့ စိမ့်စမ်းမြိုင် ပရိယတ္တိစာသင်တိုက်ကြီးတွင် ဓမ္မလင်္ကာရကျောင်းဆောင်ကြီးအောက်ထပ် တိုင် ၁၀ လုံးနှင့် အပေါ်ထပ်တိုင် ၁၀ လုံး ဆောက်လုပ်ရန်အတွက် အလှူငွေ ကျပ်သိန်း ၃၀ ကို ကျောင်းဆောက်လုပ်ရေး ဥက္ကဋ္ဌ ဦးဘသန်းအား ပေးအပ်ပြီး ဂုဏ်ပြုမှတ်တမ်းကို ဘဏ္ဍာငွေရှာဖွေရေးအဖွဲ့ဥက္ကဋ္ဌက ပြန်လည်ပေးအပ်စဉ်။ (မြန်မာ့အလင်း)

စာပေဟောပြောပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ၁၃၇၂ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ရဲရင့်ရုပ်ရှင်ရုံတွင် ဇန်နဝါရီ ၃၁ရက် ည ၇ နာရီက ကျင်းပသည်။

ပြောကြား

စာပေဟောပြောပွဲသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်တင့်၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၊ စာပေဝါသနာရှင်များ တက်ရောက်ကြပြီး မြို့နယ်ဥက္ကဋ္ဌနှင့် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစောလင်းတို့က အမှာစကားပြောကြားသည်။

ဟောပြော

ထို့နောက် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာပြိုင်ပွဲများတွင် ဆုရသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ကြပြီး စာရေးဆရာ လယ်တွင်းသား စောချစ်၊ စာရေးဆရာ အကြည်တော်နှင့် စာရေးဆရာ ချစ်ဦးညိုတို့က စာပေရေးရာများ ဟောပြောခဲ့ကြသည်။ (၀၃၉)

တာဝေးအပြေးပြိုင်ပွဲ ကသာ၌ကျင်းပ

ကသာ ဖေဖော်ဝါရီ ၂၀

ကသာမြို့၌ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တာဝေးအပြေးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ ပြိုင်ပွဲသို့ ကသာခရိုင်အတွင်း မြို့နယ်များမှ အားကစားသမား စုစုပေါင်း ၄၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အင်းတော်မှ ကသာသို့ ၁၈မိုင် အကွာအဝေး သတ်မှတ်ခဲ့သည်။

ပါဝင်ယှဉ်ပြိုင်

အခမ်းအနားတွင် ကသာခရိုင်ဥက္ကဋ္ဌ ဦးမောင်မောင်ဌေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မင်းထိုက်နှင့် အဖွဲ့ဝင်များ၊ ခရိုင်(အား/ကာ) ဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆွေဝင်းနှင့် တာဝန်ရှိသူများက ပထမဆု ငွေကျပ် ၁၅၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၁၀၀၀၀၀၊ တတိယဆု ငွေကျပ် ၅၀၀၀၀၊ နှစ်သိမ့်ဆု ခုနစ်ခု ဆုငွေကျပ် ၇၀၀၀၀၊ အမျိုးသမီးထူးချွန်ဆု ကျပ် ၄၅၀၀၀၊ ပန်းဝင်သူများ ငွေကျပ် ၅၀၀၀ စီနှင့် ပါဝင်ယှဉ်ပြိုင်သူတိုင်းကို အမှတ်တရအင်္ကျီတစ်ထည်စီ ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကတ္တရာထပ်ပိုးခင်း

မုံရွာမြို့နယ် တဲကြီးကုန်းရွာအနီးရှိ အလျား ပေ၂၄၁၀၊ အကျယ် ၁၂ ပေရှိ မုံရွာ-သာစည်ကျေးလက်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းလတ် ဇန်နဝါရီ ၂၉ ရက်က ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ (၂) ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

အမည်ပြောင်း ဦးငွေးလွင်ဦး ၁၂/သခန(နိုင်)၀၆၅၀၇၂၏သမီး သုံးခွမြို့ (၁)ရပ်ကွက်၊ အနော်ရထာလမ်းနေ မအိသဇင်အား မအိအိအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မအိအိအောင်။**

အမည်ပြောင်း ဦးငွေးလွင်ဦး ၁၂/သခန(နိုင်)၀၆၅၀၇၂၏သမီး သုံးခွမြို့ အထက(၁) ပဋ္ဌမတန်း(B)မှ မသဲအိဖြူအား မအိချိုဇင်ဟု ပြောင်းလဲခေါ်ပါရန်။ **မအိချိုဇင်။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅ခ/၃၀၄၈ Mitsubishi Fuso Msjis BN (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့် ၁၃/တကန(နိုင်)၁၃၃၈၆၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။

ကညန၊ ရွှာသာကြီးရုံး၊ ရန်ကုန်။

တစ်ခိုင်လုံးရွှေအေးအေးမြင့်

နွေရာသီ မြန်မာအက၊ စောင်း၊ ပတ္တလား၊ ရုပ်သေးသင်တန်းများ၊ မြန်မာ့ရိုးရာအကနှင့် ရုပ်သေးပွဲ၊ စောင်းဖျော်ဖြေမှုနှင့် မင်္ဂလာဧည့်ခံပွဲများအတွက် စောင်းဖြင့် အခါတော်သီဆိုပေးပါသည်။ **ဖုန်း-၅၅၂၂၅၀၊ တိုက်၂၈၉၊ အခန်း၂၊ အရှေ့ရန်ကင်း၊ ရန်အောင်လမ်းသွယ် ၃၊ ကြားမှတ်တိုင်။**

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

၄၉လမ်း၊ မြေညီ(ဟောင်ကောင်)နစ်လွှာ၊ အခန်းဖွဲ့ပြီး၊ (၁၇×၆၀)ပေ။

ဖုန်း- ၀၁-၇၃၀၀၉၈၁၉၊ ၀၉-၅၅၀၆၅၄၈။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီး မကြူကြူတင် ၁၄/မအပ(နိုင်)၀၀၁၀၀၆သည် မိဘအား အမျိုးမျိုးစိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှ မိမိသဘောဖြင့်ထွက်သွားပါသဖြင့် အမွေစားအမွေခံသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

နောက်နောင် ၄င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်မယူပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

မိခင်- ဒေါ်ခင်ရီမြင့် ၁၄/မအပ(နိုင်)၀၀၄၃၅၁၊ မအူပင်မြို့။

မြန်မာသတင်းအချက်အလက်နည်းပညာကော်ပိုရေးရှင်းလီမိတက်
၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်
နဝမအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ဖိတ်ကြားခြင်း

နဝမအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာဝင်များ မပျက်မကွက် တက်ရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပပြုလုပ်မည့်ရက် - ၂၆-၂-၂၀၁၁ရက် (စနေနေ့)
ကျင်းပပြုလုပ်မည့်အချိန် - နံနက် ၉ နာရီ
ကျင်းပပြုလုပ်မည့်နေရာ - Myanmar Info - Tech Corp., Ltd. လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

အစုရှယ်ယာမှတ်ပုံတင်ခြင်းကိစ္စများကို ၂၇-၁-၂၀၁၁ ရက်မှစ၍ ၂၆-၂-၂၀၁၁ ရက် ညနေပိုင်းအထိ ခေတ္တပိတ်သိမ်းထားပါသည်။

အစုရှယ်ယာရှင်တစ်ဦးချင်းထံသို့ ဖိတ်စာများ ပေးပို့ထားပါသည်။

ဒါရိုက်တာအဖွဲ့။

ရွှေကူမြို့နယ်၌ နွေစပါးစံပြကွက်ကြည့်ရှုစစ်ဆေး

ရွှေကူ ဖေဖော်ဝါရီ ၂၀

ရွှေကူမြို့နယ် ဆိတ်သာအုပ်စု ညောင်ကုန်းကျေးရွာ နွေစပါးစံပြကွက် ကွင်းအမှတ် (၄) ဦးပိုင်အမှတ် (၁၁၁) တောင်သူ ဦးအုန်းငွေ၏ လယ်မြေ ၃ ဒသမ ၉၆ ဧကရှိ ရွှေဘို (၁) နွေစပါး စိုက်ခင်းကို ဇန်နဝါရီ ၂၉ ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညီညီ၊ မြို့နယ်မြေစာရင်း လက်ထောက်ဦးစီးမှူး ဦးကျော်စိန်၊ မြို့နယ်စိုက်ပျိုးရေး ဒုတိယကြီးကြပ်ရေးမှူး ဦးယော်ထုံ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းသက်လင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆိတ်သာကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်အောင်တို့ နွေစပါး တစ်ဧကအထွက်နှုန်း ၆၁ ဒသမ ၃၀ ပြည့်မီရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

မိုင်းခတ်မြို့နယ်တရားရုံး အဆောက်အအုံသစ်ဖွင့်

မိုင်းခတ် ဖေဖော်ဝါရီ ၂၁

ကျိုင်းတုံခရိုင် မိုင်းခတ်မြို့နယ် မြို့နယ်တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်သူ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်တရားသူကြီး ဦးသိန်းကိုကိုနှင့် မိုင်းခတ်မြို့နယ် ဥက္ကဋ္ဌဦးမျိုးနောင်တို့က မြို့နယ်တရားရုံး အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လွှဲပြောင်းပေးအပ်

ထို့နောက် ရုံးသစ်ဖွင့်ပွဲ အခမ်းအနား အထိမ်းအမှတ်အလံကို မိုင်းခတ်မြို့နယ် တရားသူကြီး ဦးအောင်သန့်က ပေးအပ်ရာ ပြည်နယ်တရားသူကြီး၊ ခရိုင်တရားသူကြီးနှင့် မြို့နယ်ဥက္ကဋ္ဌတို့က လက်ခံယူပြီး မြို့နယ်တရားသူကြီးက အဆောက်အအုံလွှဲပြောင်းမှတ်တမ်းကို ပြည်နယ်တရားသူကြီးထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖေဖော်ဝါရီ ၁၂ ရက်က နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် နောင်သင်ခါကျေးရွာ၌ တာဝေးအပြေးပြိုင်ပွဲ ကျင်းပရာ ပထမ၊ ဒုတိယ၊ တတိယနှင့် အခြားဆုရသူ ၁၃ ဦးအား ရွှေသင်ခါပညာရေး ဖွံ့ဖြိုးမှုဖောင်ဒေးရှင်းမှ ဆုများပေးအပ်ချီးမြှင့်စဉ်။ (၀၂၁)

ပြည်တောင်စုနေ့အထိမ်းအမှတ် သီရိခေတ္တရာ မောင်နှင့်မယ်ပြိုင်ပွဲကျင်းပ

ပြည် ဖေဖော်ဝါရီ ၂၀

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် သီရိခေတ္တရာ မောင်နှင့်မယ် ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် ည၇ နာရီက ပြည်မြို့ သီရိခေတ္တရာ မြို့တော်ခန်းမ၌ကျင်းပရာ သီရိခေတ္တရာမောင်ပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်က လည်းကောင်း၊ သီရိခေတ္တရာမယ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဒုတိယ ဥက္ကဋ္ဌ၏ဇနီး ဒေါ်သိန်းပိုင်က လည်းကောင်း၊ နှစ်သိမ့်ဆုရရှိသူများအား ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်ထွန်းနှင့် တာဝန်ရှိသူများက လည်းကောင်း ဆုချီးမြှင့်သည်။

ခေတ္တရာမောင်ပြိုင်ပွဲတွင် ပထမဆုကို မောင်မောင်လတ်က လည်းကောင်း၊ ခေတ္တရာမယ်ပြိုင်ပွဲတွင် ပထမဆုကို မအေးမြတ်မွန်ကလည်းကောင်း ရရှိကြောင်း သိရှိရသည်။ ***(ခရိုင် အား/ကာ)***

ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ထီးချိုင့်ကျောင်းကုန်းလမ်းပေါ်ရှိ အင်းတိမ်ရွာအဝင် တံတားပြင်ဆင်နေမှုကို ဖေဖော်ဝါရီ ၅ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးတင်ညွှန့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဗိုလ်မင်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အင်းစိန်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ စာအုပ်များလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၁

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းဝေ (ဒါရိုက်တာ ဘုန်းဝေ)နှင့် အမှုဆောင်များ ပါဝင်သော စာပေလေ့လာရေးအဖွဲ့ဝင်အင်အား ၁၂၀ သည် ဖေဖော်ဝါရီ ၅ ရက်က အင်းစိန်မြို့နယ်မှ ပုသိမ်မြို့သို့ သွားရောက်ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးခန်း၌ စာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ်များ လှူဒါန်းခြင်းနှင့် ပုသိမ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် အမှတ်တရအလံများ ပေးအပ်ခြင်းကို ဆောင်ရွက်ခဲ့သည်။

လှူဒါန်း

ထို့နောက် ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက ပုသိမ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်၌ စာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ်များလှူဒါန်းခဲ့ကြ၍ ညနေပိုင်းတွင် ကျောင်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်၌ စာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ်များလှူဒါန်းခြင်းနှင့် ကျောင်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အမှတ်တရအလံများ ပေးအပ်ခဲ့သည်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းများအားတစ်နှစ်စာဆန်နှင့် ဝတ်စုံစရိတ် ထောက်ပံ့ပေးအပ်ပွဲကို မြို့နယ်အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက ထောက်ပံ့ငွေကျပ် ၁၄ သိန်းငါးသောင်းကိုပေးအပ်ရာ ဝန်ထမ်းများကိုယ်စား ဌာနခွဲစာရေးကြီးဒေါ်ခင်ခင်ဝင်း လက်ခံယူစဉ်။ (၁၈၃)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ပုံမှန်အစည်းအဝေး

ပထမအကြိမ် ရန်ကုန် တိုင်းဒေသကြီး လွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေးများ ဆက်လက်ကျင်းပ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အသီးသီး၌ သဘောတူညီချက်ရယူ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများကို ယနေ့နံနက် ၁၀ နာရီတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ တစ်ပြိုင်တည်း ကျင်းပကြသည်။

အဆိုပါအစည်းအဝေးများတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူတို့နှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူနှင့် ညှိနှိုင်းပြီး အဆိုပြုတင်သွင်းသည့် တရားလွှတ်တော် *စာမျက်နှာ ၇ ကော်လံ ၁* ◆